မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

❋ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

❋ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရန်ကုန်တိုင်းအနေဖြင့် ရေတော်မိုးတော်စပါး လျာထားချက်ထက် ရာနှုန်းပြည့်ကျော်လွန်စိုက်ပျိုးနိုင် စိုက်ပျိုးမြေနည်းပါးသောကြောင့် စပါးတစ်မိုးနှစ်သီးစိုက်ပျိုးရေး ကြိုးပမ်းလုပ်ကိုင် အဓိကသီးနှံကြီး ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းများရရှိအောင် နည်းလမ်းလေးသွယ်ဖြင့်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ မြို့ပတ်လမ်း အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထုတ်လုပ်ရေးစက်ရုံရှေ့ရှိ စပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၅၀၀ စိုက်ခင်းယာယီမဏ္ဍပ်၌ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၆-၂၀၀၇ ခုနှစ် ရေတော် မိုးတော် မိုးစပါးတိုင်းလုံးကျွတ် ကွင်းပိတ်ပွဲ၊ တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ဆုရရှိကြသော ခရိုင်၊ မြို့နယ်နှင့် အသင်းများအား ဆုများချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ကောင်းခြင်းမင်္ဂလာအပေါင်းနှင့်ပြည့်စုံ

ရန်ကုန်တိုင်း၏ ရေတော်မိုးတော် မိုးစပါးကို အချိန်မီ ကွင်းပိတ်နိုင်ခြင်း၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်စနစ်များ ထွန်းကားပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးသည့်အနေဖြင့် တိုင်းအဆင့် စပါးအတန်းလိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကြီးကို ကျင်းပပေးနိုင်ခြင်း၊ စွမ်းစွမ်းတမံ အောင်မြင်အောင် ကြိုးပမ်းနိုင်ခဲ့ကြသည့် ထူးချွန်မြို့နယ်၊ ထူးချွန်လယ်သမားကြီးများကို ထူးချွန်ဆုများ ချီးမြှင့်ပေးနိုင်ခြင်း စသည့် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းတို့ စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

၁၉၇၉ ခုနှစ်မှစတင်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့၊ ယင်းသို့ စတင်ဆောင်ရွက်သည်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ်၅၃၄၁၀ဒသမ ၃၄ သန်း၊ အခြားဝန်ကြီးဌာနအသီးသီး၏ ရန်ပုံငွေမှ ငွေကျပ် ၃၁၃၃၄ ဒသမ ၉၉ သန်း စုစုပေါင်းငွေကျပ် ၀၄၇၅၃ ဒသမ ၃၃ သန်း အကုန်အကျခံသုံးစွဲပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးလျက်ရှိ။

ခင်ယွန်းစံ ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းစွမ်းဆောင်မှုများ (၂)ဆောင်းပါး (စာ - ၇၊ ၉) တွင် ဖတ်ရှုနိုင်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

5-8 (01).p65 1 1/18/32, 1:27 AM

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ပါ

ကမ္ဘာပေါ်တွင် စတုတ္ထအများဆုံး လူသေဆုံးမှုဖြစ်ပွားသည့်ရောဂါမှာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (AIDS)ပင် ဖြစ်သည်။ ယင်းရောဂါကို တားဆီးကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါဖြစ်ပွားမှု တိုက်ဖျက်ရေးတို့အတွက် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

ကမ္ဘာတစ်ဝန်း၌ အေအိုင်ဒီအက်စ်ရောဂါကြောင့် အနည်းဆုံး လူပေါင်းသုံးသန်းခန့် နှစ်စဉ်သေဆုံးနေကြောင်း သိရသည်။

အေအိုင်ဒီအက်စ်ရောဂါသည် HIV ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ HIV ပိုးရှိသူ အများစုသည် နှစ်အတန်ကြာ မည်သည့်ရောဂါလက္ခဏာမျှ မပြသဖြင့် ကာယကံရှင်ကိုယ်တိုင် မိမိတွင် HIV ပိုးရှိမှန်း မသိလိုက်ဘဲ အခြားသူများကို ကူးစက်သွားစေနိုင်သည်။

အေအိုင်ဒီအက်စ်ရောဂါသည် အသက်အရွယ်၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေး ကူးစက်နိုင်သည်။ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားစေသည့် HIV ပိုး ကူးစက်ခံရသူအများစုမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များဖြစ်ကြသည်။ လူငယ်များသည် စူးစမ်းလိုသည့်စိတ်ရှိခြင်း၊ မှန်ကန်သည့် မျိုးဆက်ပွား ကျန်းမာရေးအသိပညာများမရှိခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းတို့ကြောင့် ရောဂါပိုမိုကူးစက်ခံရသည်။

အေအိုင်ဒီအက်စ်ရောဂါကို အကောင်းဆုံးကာကွယ်နည်းမှာ လိင်အပျော်အပါးလိုက်စားမှုကို ရှောင်ကြဉ်ခြင်း၊ အိမ်ထောင်ရှင်များ အပြန်အလှန် သစ္စာရှိစွာဖြင့် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကို ရှောင်ကြဉ်ခြင်း၊ ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်၊ ဆေးထိုး ပြွန်ကို အသုံးပြုခြင်း၊ ရောဂါပိုးကင်းစင်အောင် ပြုလုပ်မထားသည့် ပစ္စည်းကိရိယာများကို အသုံးပြု၍ ဆေးမင်ကြောင်ထိုးခံခြင်း၊ အပ်စိုက်ခံခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင် မိခင်များသည် သန္ဓေသားသို့ကူးစက်မှုကို လျှော့ချကာကွယ်ရန် ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူခြင်းဖြင့် ကာကွယ်သွားကြရပါမည်။

မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပညာပေးစာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ဖြူးခြင်း စသည့် ပညာပေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်းတို့ကြောင့် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိနေပေသည်။ ။

ကမ္ဘာ့စက်သုံးဆီဈေးနှုန်း အဆမတန်မြင့်တက်လျက်ရှိ ပြည်တွင်းသုံးစွဲမှုဖူလုံစေရေး ထပ်မံတိုးတက်ထုတ်လုပ်

နေပြည်တော် ဩဂုတ် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လေ့ကျင့်ပေး

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ ယခုအခါ ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း အဆမတန်မြင့်တက်လျက်ရှိကြောင်း၊ ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိထုတ်လုပ်မှုကို ထိန်းသိမ်းရင်း ထပ်မံတိုးတက်တူးဖော်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ပညာရှင်များခါးဆက်မပြတ်ရေးအတွက်အရည်အချင်းရှိသူ ရိုးသား ကြိုးစားသူများကို ရွေးထုတ် လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်းအသေးစိတ်မှာကြားသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုများနှင့် ရေနံမြေအလိုက် တူးဖော်ထုတ်လုပ်နေမှုများကို တာဝန်ရှိသူများနှင့် ရေနံမြေမန်နေဂျာများက ရှင်းလင်း တင်ပြကြသည်။

အထွက်တိုးရေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ကဏ္ဍအသီးသီးအလိုက် အသေးစိတ်သုံးသပ်ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ရေနံမြေအလိုက် တိုးတက်ထုတ်လုပ်သွားရမည့် လျာထားချက်များနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက်က အထက(၄) စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးခင်မောင်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွှန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

မြဝတီရုပ်မြင်သံကြား

၅-၈-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **"ဝိပ္ပလ္လာသ ၁၂ ပါး"**

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"ဝတ္တရား"** (ကျော်ဟိန်း၊ သားညီ၊ မေသန်းနု၊ ခိုင်သင်းကြည်)
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၁၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၃)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁၃)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိုင်းအဆင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ခရမ်းမြို့နယ် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အခမ်းအနားတွင် ပါဝင်ကူညီပံ့ပိုးခဲ့ကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့သည် ရန်ကုန်တိုင်း၏ ရေတော်မိုးတော် မိုးစပါးကွင်းပိတ်နိုင်သည့် နေ့တစ်နေ့ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနေ့ဖြစ်သည်ဟု ဦးစွာပြောကြားလိုကြောင်း။

ယခုနှစ်တွင် ရန်ကုန်တိုင်း၌ မိုးစပါး စုစုပေါင်း ဧက ၁၂၀၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ စုစုပေါင်းဧက ၁၁၂၂၉၀၇ စိုက်ပျိုးခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၅၈ ရာခိုင်နှုန်း စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ရေတော်မိုးတော်မိုးစပါးကို ၈၇၇၁၁၅ ဧက လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ ၈၇၈၇၃၃ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ရာနှုန်းပြည့်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ကွင်းပိတ်ပွဲကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကြိုးပမ်းစိုက်ပျိုး

ရန်ကုန်တိုင်းအနေဖြင့် စိုက်ပျိုးမြေ အလွန်နည်းပါးကြောင်း၊ မိုးစပါးစိုက်ဧက တိုးချဲ့ရန်အတွက် မလွယ်ကူကြောင်း၊ ထို့ကြောင့် မိုးတစ်ရာသီအတွင်းတွင် စပါးနှစ်သီး(တစ်မိုးနှစ်သီး)ရအောင်စိုက်ပြီး မိုးစပါးစိုက်ဧကတိုးချဲ့ရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်တိုင်းမှာလည်း စပါးတစ်မိုးနှစ်သီးစံပြကွက်များလည်း လက်တွေ့ပြသစိုက်ပျိုးထားကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားကြီးများအနေနှင့် စပါးတစ်မိုးနှစ်သီး စိုက်ပျိုးရေးကို ယုံယုံကြည်ကြည်နှင့် ကြိုးပမ်းစိုက်ပျိုးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အဓိကသီးနှံကြီးများ အထွက်တိုးအောင် ဆောင်ရွက်ရာမှာလည်း နိုင်ငံတော်အကြီးအကဲက နည်းလမ်းလေးသွယ်နှင့် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း။

ယင်းနည်းလမ်းလေးသွယ်မှာ စိုက်စနစ်မှန်ကန်အောင် စိုက်ပျိုးရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ ရေတော်မိုးတော်စိုက်ဧကများ တိုးတက်လာအောင် ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း။

စေတနာထားဆောင်ရွက်

ယနေ့ နိုင်ငံတော်သည် 'နေ့မအား၊ ညမနား'ဘဲ တိုင်းပြည်တိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဦးဆောင်ကြိုးပမ်းလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အောက်ခြေအဆင့်မှာရှိနေကြသည့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာမှ တာဝန်ရှိ အရာရှိ၊ အရာထမ်းများ၊ တောင်သူလယ်သမားကြီးများ၊ ပြည်သူလူထုကြီးတစ်ရပ်လုံးသည်လည်း အသိစိတ်ရှိရှိ၊ ခံယူချက်ပြည့်ပြည့်နှင့် စေတနာထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံကြီး ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပြီး ရည်မှန်းချက်အထွက်နှုန်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

အပြည့်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်တိုင်းအတွင်း အကောင်အထည်ဖော်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

တောင်သူလယ်သမားဦးကြီးများအနေနှင့်လည်း နိုင်ငံတော်၏ စေတနာကို တုံ့ပြန်ပြီး မိုင် ၃၀ ပတ်လည်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကြီး အောင်မြင်အောင် အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားလိုကြောင်း။

ကမ္ဘာကြီးကို ပြန်ကြည့်လျှင် ကမ္ဘာ့ရေနံထွက်ရှိသည့် နိုင်ငံများတွင် ရေနံစိမ်းသည် ရှားပါးလာကြောင်း၊ နောင်နှစ် ၄၀-၅၀ ခန့်ကြာလျှင် မြေအောက် ရေနံသယံဇာတများသည် ကုန်ခန်းသွားမည်ဟု ပညာရှင်များက ခန့်မှန်းလာကြကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မြေအောက်ကထွက်သည့် ဓာတုဒီဇယ်ဆီနေရာကို အစားထိုးနိုင်ရန် မြေပေါ်သစ်ပင်များက ရရှိနိုင်သည့် ဘိုင်အိုဒီဇယ်ဆီကို စူးစမ်းရှာဖွေလာကြကြောင်း။

ဘိုင်အိုဒီဇယ် ထုတ်လုပ်ပေးနိုင်သည့် 'အပင်'ကို ရှာဖွေရာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်းတွင် နေရာအနှံ့အပြားပေါက်ရောက်ဖြစ်ထွန်းနေသည့် ခြဲစည်းရိုးကြက်ဆူပင်သည် အလွယ်ကူဆုံးနှင့် အကျိုးရှိဆုံး 'အပင်'ဟု ပညာရှင်များက တွေ့ခဲ့ကြကြောင်း။

ထို့ကြောင့် ယနေ့တက်ရောက်လာကြသော တောင်သူလယ်သမားဦးကြီးအပေါင်းကလည်း ခြံစည်းရိုးကြက်ဆူကို ကျေးရွာအလိုက် အားသွန်ခွန်စိုက် ယုံယုံကြည်ကြည်နှင့် စိုက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ၂၀၀၅-၂၀၀၆ ခုနှစ် အမျိုးသားအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆု တတိယဆုရရှိသော ရန်ကုန်တောင်ပိုင်းခရိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်း၏ ရေတော်မိုးတော် မိုးစပါးကို အချိန်မီ ကွင်းပိတ်နိုင်ခြင်း၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်စနစ်များထွန်းကားပြီး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးသည့်အနေဖြင့် တိုင်းအဆင့် စပါးအတန်းလိုက် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကြီးကို ကျင်းပပေးနိုင်ခြင်း၊ စွမ်းစွမ်းတမံအောင်မြင်အောင် ကြိုးပမ်းနိုင်ခဲ့ကြသည့် ထူးချွန်မြို့နယ်၊ ထူးချွန်လယ်သမားကြီးများကို ထူးချွန်ဆုများ ချီးမြှင့်ပေးနိုင်ခြင်း စသည့် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ ရန်ကုန်တိုင်း ၂၀၀၆-၂၀၀၇ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲအစီရင်ခံစာများကို ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်တို့က ပေးအပ်ကြသည်။

ယင်းနောက် ဒိုင်ချုပ်ကအချက်ပေးသည်နှင့်တစ်ပြိုင်နက် မြို့နယ်အလိုက် ပြိုင်ပွဲဝင် ကောက်စိုက်လုံမေအသင်းများက အသင်းလိုက် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ယှဉ်ပြိုင်ကြပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် စပါးပန်းတိုင်အထွက်နှုန်းကို အထောက်အကူဖြစ်စေသည့် စုပေါင်း ပေါင်းလိုက်၊ တမန်းနှိုး၊ ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် စုပေါင်းကောက်စိုက်ခြင်းတို့ကို အမျိုးသမီးရေးရာ အသင်းဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ကြသည်။

ကြည့်ရှုအားပေး

ယင်းသို့ တိုက်ရိုက် စပါးမျိုးစေ့ချ ယှဉ်ပြိုင်ခြင်း၊ စုပေါင်း ပေါင်းလိုက်၊ တမန်းနှိုး၊ ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် စုပေါင်းကောက်စိုက်ခြင်း စုပေါင်းယှဉ်ပြိုင်ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် လယ်ကွင်းထဲ ငါးမျိုးစိုက်ထည့်ပေးခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ငါးမျိုးပေါက်များကို လယ်ကွင်းထဲသို့ စိုက်ထည့်ပေးကြသည်။ ယနေ့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ လယ်ဧက ၂၁၀ တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီးနှင့် တီလားပီးယား ငါးမျိုးကောင်ရေ ၁၀၅၀၀၀ ကို စိုက်ထည့်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက နည်းပညာပြသ၍ လယ်သမားကြီးများက စပါးပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်ရှိရန် လက်တွေ့စိုက်ပျိုးထားသော ဆင်းသွယ်လတ် စပါးမျိုးစိုက်ခင်း၊ ပန်းတိုင်အထွက်နှုန်းရရှိသော စပါးမျိုးများကို အထွက်နှုန်းယှဉ်ပြိုင်စမ်းသပ်ထားမှု၊ ဓာတ်မြေဩဇာ အလေအလွင့်မရှိစေရန် ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်နှင့် သဘာဝမြေဩဇာသုံးအိတ် ရောစပ် အသုံးပြုစမ်းသပ်ကွက်နှင့် စပါးတစ်မိုးနှစ်သီး၊ တစ်နှစ်သုံးသီး၏ ပထမစပါး ရွှေမြန်မာစပါးစိုက်ခင်း အနှံထွက်အောင်မြင်ဖြစ်ထွန်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် လယ်ကွင်းအတွင်း၌ စပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စုပေါင်းပေါင်းလိုက်၊ တမန်းနှိုး၊ မြေဩဇာကြဲပက်ခြင်းနှင့် ကောက်စိုက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသော မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်များအား တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူတို့က လက်ဝယ်အရောက် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြို့ပတ်လမ်းဘေး၌ ပြသထားသော ဒိုချက်ကင်မြေဆွေး မြေဩဇာပြုလုပ်ပုံ အဆင့်ဆင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ဝင်းသူဇာအရောင်းဆိုင်၊ မြန်မာ့ဩဘာကုမ္ပဏီလီမိတက်၊ မာလာမြိုင်မျိုးစေ့အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအရောင်းဆိုင်၊ GGE သဘာဝမြေဩဇာ၊ စီပန်းလက်တွန်းထွန်စက်နှင့် ဂွတ်ဘရားသားစ်ကုမ္ပဏီလီမိတက်တို့မှ ပြသထားသော ပြခန်းများနှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထူးချွန်ဆု

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ၂၀၀၅-၂၀၀၆ ခုနှစ် လယ်ယာကဏ္ဍ ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ သုံးခွမြို့နယ်၊ ၂၀၀၅-၂၀၀၆ ခုနှစ် အမျိုးသား အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆုတွင် ပထမဆုရ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် တိုင်းအဆင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ ခရမ်းမြို့နယ်အသင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ၂၀၀၅-၂၀၀၆ ခုနှစ် အမျိုးသားအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆု ဒုတိယဆုရ ရန်ကုန်အနောက်ပိုင်းခရိုင်၊ တတိယဆုရ ရန်ကုန်တောင်ပိုင်းခရိုင်၊ နှစ်သိမ့်ဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် တိုင်းအဆင့် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုရ လှည်းကူးမြို့နယ်တို့အား ဆုများချီးမြှင့်သည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၅-၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နိုင်ငံတော်အဆင့် မြို့နယ်ထူးချွန်ဆုရ သုံးခွမြို့နယ်၊ ၂၀၀၅-၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နိုင်ငံတော်အဆင့် ထူးချွန်လယ်သမားဆုရ ခရမ်းမြို့နယ် တကောကန်ကျေးရွာမှ ဦးသိန်းဟံ၊ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ သုံးခွမြို့နယ်၊ ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ တိုက်ကြီးမြို့နယ်၊ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးစိုက်ဘဏ်ချေးငွေ လုပ်ငန်းစွမ်းဆောင်နိုင်မှု ပထမဆုရ ကျောက်တန်းမြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ တတိယဆုရ ခရမ်းမြို့နယ်၊ ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါး စိုက်ဘဏ်ချေးငွေ လုပ်ငန်းစွမ်းဆောင်နိုင်မှု မြို့နယ်ဆုရ လှည်းကူးမြို့နယ်၊ ၂၀၀၅-၂၀၀၆ ခုနှစ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်မှု ထူးချွန်ပထမဆုရ တိုက်ကြီးမြို့နယ်၊ ဒုတိယဆုရ တွံတေးမြို့နယ်နှင့် တတိယဆုရ ထန်းတပင်မြို့နယ်၊ စက်မှုလယ်ယာမှထုတ်လုပ်သော လယ်ယာ(၁၆) လက်တွန်းထွန်စက် အများဆုံးရောင်းချပေးနိုင်ခဲ့သော မြို့နယ်ဆုတွင် ပထမဆုရ တိုက်ကြီးမြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ တတိယဆုရ ခရမ်းမြို့နယ်၊ စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် တိုင်းအဆင့် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရ တွံတေးမြို့နယ်အသင်း၊ နှစ်သိမ့်ဆုရ မှော်ဘီမြို့နယ်အသင်းနှင့် အခမ်းအနားတွင် ပါဝင်ကူညီပံ့ပိုးခဲ့ကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ကားပြပွဲတွင် ပြသထားသော ရှေးဟောင်းကားများကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျူးဘားနိုင်ငံ၏ မြို့ပြစိုက်ပျိုးရေးကိုစံနမူနာယူသင့် ကုလပတ်ဝန်းကျင်အစီအစဉ် ညွှန်မှူးပြောကြား

ဟာဗားနား ဩဂုတ် ၄

လက်တင်အမေရိကနှင့် ကရစ်ဘီယံနိုင်ငံများသည် ကျူးဘားနိုင်ငံ၏ မြို့ပြစိုက်ပျိုးရေးကို စံနမူနာယူသင့်ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်ညွှန်ကြားရေးမှူး ရီကာဒိုဆန်ချက်က ဟားဗားနား၌ ဩဂုတ်၂ရက်တွင် ပြောကြားသည်။

တတိယအကြိမ် ရေအသုံးချ နိုင်ငံတကာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား၌ မစ္စတာဆန်ချက်က အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံ၏ မြို့ပြစိုက်ပျိုးရေးစီမံကိန်းတွင် သီးပင်စားပင်များတွင် မြေသြဇာကျွေးမှန်ကန်မှု၊ ပိုးမွှားများ အကောင်းဆုံးထိန်းချုပ်နိုင်မှုနှင့် နည်းပညာမှန်ကန်စွာ အသုံးပြုနိုင်မှုများ လိုအပ်မည်ဖြစ်ကြောင်း ထိုကဲ့သို့ မြို့ပြများတွင် နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးသဖြင့် စတုရန်း တစ်ကီလိုမီတာ အကျယ်အဝန်းတွင် ဆန်ကီလိုဂရမ် ၂၀အထိ သိသာစွာ အထွက်တိုးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အထက်ပါ အစည်းအဝေးသည် ရေစီမံခန့်ခွဲမှု ဗဟာများ၊ စိုက်ပျိုးရေးစီမံခန့်ခွဲမှု၊ ကျေးလက်နှင့်မြို့ပြနေထိုင်သူနှစ်ရပ်စလုံးအတွက် သောက်သုံးရေ ဖြန့်ဖြူးရေးကဲ့သို့သော စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုပါ ထည့်သွင်း ဆွေးနွေးကြောင်း သိရသည်။

ယင်းအစည်းအဝေးကို ၁၉၉၈ ခုနှစ်မှစ၍ မက္ကဆီကို၌ ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မုန်တိုင်းကြိုတင်သတိပေး ရေဒါ ၅၀ ကျော် အိန္ဒိယ၌ တပ်ဆင်မည်

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယနိုင်ငံတွင် လာမည့်နှစ်၌ ဆိုက်ကလုံးမုန်တိုင်းကြိုတင်သတိပေးရေဒါစနစ်တပ်ဆင်ပြီးပါက ဆူနာမီကဲ့သို့ ဆိုက်ကလုံးမုန်တိုင်းဒဏ် ခံရဖွယ်ရှိသူများအဖို့ မိနစ် ၃၀အတွင်း လွတ်မြောက်အောင်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း အထက်လွှတ်တော်က ဇူလိုင် ၃၁ရက် တွင် ပြောကြားသည်။

အိန္ဒိယအစိုးရသည် တစ်ခုလျှင် ရူပီးသန်း ၂၃၀ကုန်ကျမည့် ဒေါ့ပလာရာသီဥတုဆိုင်ရာ ရေဒါ ၅၀ကျော်ကို ဆူနာမီ ပုံစံမျိုးဖြစ်သော ဆိုက်ကလုံးမုန်တိုင်းတိုက်ခတ်မှု ကြိုတင်ခန့်မှန်းနိုင်ရန် တပ်ဆင်သွားမည့် အစီအစဉ်ရှိကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီး ကာပဲလ်ဆီဘဲလ်က ပြောကြားသည်။

မိမိတို့သည် ဘာဖြစ်ပျက်လာမည်ကို မိနစ် ၂၀၊ ၃၀ အတွင်း ပြောနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အစိုးရသည် ရာသီဥတု သတိပေးမှုဆိုင်ရာ ရေဒါ ၅၀ကို တင်သွင်းရန် ဆုံးဖြတ်လိုက်ကြောင်း၊ ယင်းကဲ့သို့ ရေဒါလေးခုကို အိန္ဒိယတွင် တပ်ဆင်ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**(ပီတီအိုင်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပိုးသတ်ဆေးပက်ဖျန်းထားသော အဝတ်အစား ငှက်ဖျားရောဂါကို ကာကွယ်နိုင်

လန်ဒန် ဩဂုတ် ၄

ပိုးသတ်ဆေးပက်ဖျန်းထားသော အဝတ်အစားများကို ဝတ်ဆင်ခြင်းသည် ငှက်ဖျားရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း သုတေသနပြုချက်အသစ်များက အကြံပြုထားသည်။

ကင်ညာနိုင်ငံရှိ ဒုက္ခသည်စခန်းတွင် နေထိုင်သော ဆိုမာလီယာ ဒုက္ခသည်များကို စမ်းသပ်လေ့လာမှုပြုလုပ်ခဲ့ရာ ပါမက်သရင်းပိုးသတ်ဆေးပက်ဖျန်းထားသော အဝတ်အစားများကို ဝတ်ဆင်ခြင်းသည် ငှက်ဖျားရောဂါဖြစ်ပွားမှုကို ၇၀ရာခိုင်နှုန်း လျော့ကျစေခဲ့ကြောင်း လေ့လာတွေ့ရှိချက်အရ ဩဂုတ် ၁ရက်က ဝက်ဘ်ဆိုက်သို့တင်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါမက်သရင်း ပိုးသတ်ဆေးသည် လူကိုဥပဒ်မဖြစ်သောကြောင့် ဝတ်ဆင်သူများတွင် ဘေးထွက်ဆိုးကျိုးမရှိကြောင်း သုတေသနပညာရှင်များက အစီရင်ခံတင်ပြခဲ့သည်။

လျော့ကျ

အာဖရိကတွင် ခြင်မှကူးစက်သော ငှက်ဖျားရောဂါကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လောလောဆယ်၌ ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးခဲ့သည်။ ယင်းခြင်ထောင်များသည် ငါးနှစ်ကြာသည်အထိခံပြီး ငှက်ဖျားရောဂါဖြစ်ပွားမှု တစ်ဝက်အထိ လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။

သို့သော် ကင်ညာရှိ အိမ်ထောင်တစ်စု၏ ပျမ်းမျှလူဦးရေသည် လေးယောက်ကျော်ရှိသောကြောင့် အိမ်ထောင်စုဝင်များ၏ သုံးရာခိုင်နှုန်းလောက်သာ ဆေးစိမ်ခြင်ထောင်တစ်လုံးကျော်ရရှိခဲ့ကြသည်။ ထို့ကြောင့် အယ်လီဇဘတ်ကီမာဒို ဦးဆောင်သော သုတေသနအဖွဲ့က တစ်ကိုယ်ရေ ငှက်ဖျားရောဂါကာကွယ်စောင့်ရှောက်နိုင်သော ပိုးသတ်ဆေးဖျန်းထားသည့် အဝတ်အစားများကို ဝေငှပေးပြီး ကာကွယ်စောင့်ရှောက်ရန်အတွက် စစ်ဆေးမှုများပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

လောင်စာဆီကန်အား အစ္စရေးတို့ တိုက်ခိုက် လက်ဘနွန်ကမ်းရိုးတန်း၌ ရေနံများ ယိုဖိတ်ခဲ့ရ

လန်ဒန် ဩဂုတ် ၄

ဗုံးကြဲတိုက်ခိုက်ခံရသော လက်ဘနွန်နိုင်ငံရှိ ဓာတ်အားပေးစက်ရုံမှ ရေနံများ ယိုစိမ့်မှုကြောင့် လက်ဘနွန်နိုင်ငံ ကမ်းရိုးတန်းဒေသ၏ သုံးပုံခန့်ပျက်စီးခဲ့ရကြောင်း ကမ္ဘာ့ထိပ်တန်းပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့က ဩဂုတ် ၂ရက်က ပြောကြားသည်။

ဖိတ်စင်

လက်ဘနွန် ကမ်းရိုးတန်းတွင် ရေနံများဖိတ်စင်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘေရွတ်တောင်ပိုင်း ပျက်စီးသွားသော ဂျီဟိုစက်ရုံမှ မြေထဲပင်လယ်ထဲသို့ လောင်စာဆီတန်တစ်သောင်းခန့် ယိုဖိတ်စီးဆင်းခဲ့ကြောင်း ကုလသမဂ္ဂ နိုင်ငံတကာရေကြောင်းအဖွဲ့(အိုင်အမ်အို)က ပြောကြားသည်။

ဓာတ်အားစက်ရုံ၏ မြောက်ဘက် ကီလိုမီတာ ၇၀-၈၀ခန့်ရှိ လက်ဘနွန် ကမ်းရိုးတန်းအား ထိခိုက်စေခဲ့သည်။ ယင်းနေရာသည် သဲကမ်းခြေများ၊ ကျောက်တောင်ပေါ်များသော ကမ်းခြေများ၊ ငါးဖမ်းစက်လှေ ဆိပ်ကမ်းနှင့် လှေဆိပ်များဖြင့် ဖွဲ့စည်းတည်ရှိသော နေရာဖြစ်ကြောင်း အိုင်အမ်အိုက ထပ်လောင်းပြောကြားသည်။

လောင်စာဆီလှောင်ကန်အား အစ္စရေးတို့သည် ဇူလိုင်၁၃ရက်နှင့် ၁၅ရက်တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တွင်ဗုံးခွဲ တစ်ရက်တည်း လူ ၃၈ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတွင် ဩဂုတ် ၁ရက်က ဗုံးခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တပ်ဖွဲ့ဝင် ၂၃ ဦးအပါအဝင် လူ ၃၈ဦးအထိ သေဆုံးခဲ့ကြောင်း ရိုက်တာက ဖော်ပြသည်။

တိုက်ခိုက်

ဘဂ္ဂဒက်၏မြောက်ဘက် တီကရစ်နှင့် ဘေဂျီအကြားလမ်းပေါ်တွင် အီရတ် တပ်ဖွဲ့ဝင်အပြည့်တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ၂၃ဦး သေဆုံးသွားကြောင်း စစ်ဘက်က ပြောကြားသည်။

တောင်ပိုင်းဘာဆာရာမြို့ရှိ စစ်ဘက် အခြေစိုက် စခန်းကိုလည်း အမြောက်ဖြင့်တိုက်ခိုက်ခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ဗြိတိသျှ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တွင်လည်း ဘဏ်မှ လစာငွေများကို သယ်ဆောင်လာသည့် တပ်ဖွဲ့ဝင်များ၏ကားကို ပစ်မှတ်ထားကာ ကားဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အသက်ကြီးသည့် အမျိုးသမီးတစ်ဦးအပါအဝင် လူ ၁၀ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနကမူ ၁၄ ဦး သေဆုံးသည်ဟု ဖော်ပြသည်။

ဖော်ပြ

ကာရာဒါခရိုင်တွင်လည်း လွန်ခဲ့သည့် ရက်သတ္တပတ်က ယင်းသို့ပင် ဗုံးခွဲတိုက်ခိုက်မှု၊ အမြောက်ဖြင့် ပစ်ခတ်မှုများကြောင့် အနည်းဆုံး လူ ၂၇ ဦး သေဆုံးခဲ့ကြောင်း ရိုက်တာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

နီပေါအမျိုးသမီးငယ်ရှစ်ဦး ရဲတပ်ဖွဲ့က ကယ်တင်လိုက်နိုင်

ခတ္တမန္ဒူ ဩဂုတ် ၄

နီပေါနိုင်ငံအရှေ့ပိုင်း နီပေါနှင့်အိန္ဒိယနယ်စပ်မှ ဇူလိုင်၂၉ရက်တွင် နီပေါအမျိုးသမီးငယ်ရှစ်ဦးကို ကယ်တင်လိုက်နိုင်ကြောင်း ဒေသခံရဲအရာရှိတစ်ဦးက ဇူလိုင် ၃၀ရက်တွင် ပြောကြားသည်။

ကယ်တင်

အလုပ်အကိုင်ရှာဖွေရန်ဟူသော အကြောင်းပြချက်ဖြင့် ရောင်းစားရန် ရည်ရွယ်၍ နယ်စပ်ကိုဖြတ်ကျော်ခေါ်ဆောင်သွားခံရသည့် အဆိုပါအမျိုးသမီးရှစ်ဦးကို ခတ္တမန္ဒူ၏ အရှေ့ဘက် ကီလိုမီတာ ၄၀၀ခန့်အကွာ မိုရင်ခရိုင် ဂျော့ဘာနီရှိ နယ်စပ်ရဲတပ်ဖွဲ့ စစ်ဆေးရေးစခန်းက ကယ်တင်နိုင်လိုက်ခြင်း ဖြစ်ကြောင်း နီပေါရဲတပ်ဖွဲ့ ဒုတိယကြီးကြပ်ရေးမှူး ရာဘင်ဒရာရှာမာက သတင်းထောက်များအား ပြောကြားသည်။ အမျိုးသမီးများသည် ပွဲစားများနှင့်အတူ နယ်စပ်ကို ဖြတ်ကျော်နေခြင်းဖြစ်ပြီး ၎င်းတို့အနက် လေးဦးကို ဖမ်းဆီးခဲ့ကြောင်း၊ အမျိုးသမီးများသည် ဒေလီတွင်အလုပ်ရှာရန်သွားခြင်းဖြစ်သည်ဟု ပွဲစားများကပြောကြောင်း မစ္စတာရှာမာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ကျင်းပသည့် တရုတ်အလှမယ်ပြိုင်ပွဲ၌ ပထမရရှိခဲ့သော အလှမယ်အား ဆုနှင့်အတူ ဩဂုတ်၂ရက်ကတွေ့ရစဉ်။ (၎င်းသည် ပိုလန်နိုင်ငံတွင် စက်တင်ဘာ၌ကျင်းပမည့် (၅၆)ကြိမ်မြောက် ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

နှစ်နိုင်ငံသံတမန်ဆက်ဆံသည့် အနှစ်(၅၀)ပြည့် တရုတ်နှင့်ဆီးရီးယားသမ္မတတို့ သဝဏ်လွှာအပြန်အလှန်ပေးပို့

ပေကျင်း ဩဂုတ် ၄

တရုတ်သမ္မတ ဟူကျင်တောင်နှင့်ဆီးရီးယားသမ္မတ ဘရှားအယ်အာဆတ်တို့သည် တရုတ်-ဆီးရီးယား နှစ်နိုင်ငံသံတမန်ဆက်ဆံသည့် အနှစ်(၅၀)ပြည့် နှစ်ပတ်လည်အဖြစ် ဩဂုတ်၁ရက်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

ဆီးရီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးပထမဆုံး ထူထောင်သည့် အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက် တိုးတက်ကောင်းမွန်ပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းလာကြောင်း၊ ထို့ကြောင့် နှစ်ဦးနှစ်ဖက် ကြိုးပမ်းအားထုတ်နိုင်မှုအတွက် ကျေးဇူးတင်ကြောင်းဖြင့် တရုတ်သမ္မတဟူကျင်တောင်က ပြောကြားလိုက်သည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံအကြား အစဉ်အလာချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မြဲခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားနှင့် ကိုက်ညီပြီး ဒေသဆိုင်ရာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူဖြစ်ကြောင်း သမ္မတဟူက ထည့်သွင်းပြောကြားသည်။

ဖော်ပြ

ဆီးရီးယားသမ္မတ ဘရှားအယ်အာဆတ်၏ သဝဏ်လွှာတွင် လွန်ခဲ့သော အနှစ် ၅၀က နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခြင်းက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး ခိုင်မြဲစေရန် နှစ်နိုင်ငံစလုံး၏ ရိုးသားသောဆန္ဒသဘောထားကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း နှစ်နိုင်ငံချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မြဲမည်ဟု မိမိယုံကြည်ပါကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

နယူးဇီလန်၌ ငလျင်လှုပ်

ဝယ်လ်လင်တန် ဩဂုတ် ၄

နယူးဇီလန်နိုင်ငံ မြောက်အိုက်စလန်ရှိ ပင်လယ်အောက်တွင် ဩဂုတ် ၂ ရက်က ရစ်ချ်တာစကေး ၆ဒသမ ၂ရှိ ငလျင်လှုပ်ခဲ့ကြောင်း ငလျင်ဌာနမှ ပြောကြားသည်။

ခန့်မှန်းပြောကြား

ယင်းငလျင်သည် ဆူနာမီဒီလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း တာဝန်ရှိသူများက ခန့်မှန်းပြောကြားသည်။ ၎င်းငလျင်သည် ပင်လယ်ရေအနက် ကီလိုမီတာ ၃၂၀တွင် ဒေသစံတော်ချိန် ဂျီအမ်တီ ၀၀း၁၆အချိန်၌ လှုပ်သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကလေးများ၏အသက်ကို ကယ်တင်ရေး နို့ချိုတိုက်ကျွေးမှုသည် အကောင်းဆုံးနည်းလမ်းဖြစ်

ဂျီနီဗာ ဩဂုတ် ၄

နို့ချိုတိုက်ကျွေးခြင်းသည် ကလေးများ အထူးသဖြင့် ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများမှ ကလေးများ၏ အသက်ကို ကယ်တင်ရန် အရိုးရှင်းဆုံးနည်းလမ်းပင်ဖြစ်ကြောင်း ၂၀၀၆ခုနှစ် ကမ္ဘာ့နို့ချိုတိုက်ကျွေးရေး ရက်သတ္တပတ် စတင်သည့် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁ရက်က ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နို့ချိုတိုက်ကျွေးမှုအနည်းဆုံး သုံးကြိမ်တိုက်ကျွေးခဲ့ရသည့် ကလေးများသည် တိုက်ကျွေးမခံရသော ကလေးများထက် မွေးကင်းစအရွယ်တွင် ပိုမို၍အသက်ရှင်နိုင်ကြောင်း ယူနီဆက်က ဖော်ပြသည်။

ဆိုးကျိုး

ဖွံ့ဖြိုးဆဲကမ္ဘာကြီးတွင် နို့ချိုတိုက်ကျွေးမှုနှုန်းသည် များပြားလျက်ရှိသော်လည်း အသက်ခြောက်လအောက် ကလေးပျမ်းမျှ ၆၃ ရာခိုင်နှုန်းလုံလောက်စွာ နို့ချိုတိုက်ကျွေးမှု မခံရဆဲဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကလေး သန်းပေါင်း များစွာသည် ဆိုးကျိုးဖြင့်ဘဝကို စတင်နေရကြောင်း ယူနီဆက်အမှုဆောင် ညွှန်ကြားရေးမှူး အင်အမ်ဗီနီမင်က ပြောကြားသည်။

ကမ္ဘာ့ နို့ချိုတိုက်ကျွေးရေး ရက်သတ္တပတ်အတွက် နို့ချိုတိုက်ကျွေးရေးလှုပ်ရှားမှု ကမ္ဘာ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် ယူနီဆက်နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက် အဖွဲ့များက နိုင်ငံပေါင်း ၁၂၀ ကျော်ကို လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အခန်းတွင်းလေ့ကျင့်

နိုင်ငံတကာ အာကာသစခန်းသို့ စက်တင်ဘာတွင် လိုက်ပါမည့် ဂျပန်နိုင်ငံ၏ ပထမဆုံး အာကာသခရီးသည် ဒိုင်ဆုကီအီနိုမိုတို ကမ္ဘာ့ဆွဲအားကင်းမဲ့သော အခန်းတွင်း၌ လေ့ကျင့်နေသည်ကို ဇူလိုင် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မလက္ကာရေလက်ကြား ဖြတ်သန်းအသုံးပြုသ သင်္ဘောကုမ္ပဏီများ ပေးဆောင်ရဖွယ်ရှိ

ကွာလာလမ်ပူ ဩဂုတ် ၄

မလက္ကာရေလက်ကြားကို ဖြတ်သန်းအသုံးပြုသော သင်္ဘောများသည် မကြာမီကာလအတွင်း ဖြတ်သန်းခ ပေးဆောင်ရဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ဩဂုတ် ၂ရက်၌ ပြောကြားသည်။

ထောက်ပံ့

အဆိုပါ မလက္ကာရေလက်ကြားသည် မိုင်ပေါင်း ၅၅၀ ရှည်လျားပြီး အာရှနှင့် အရှေ့အလယ်ပိုင်းမှ ဥရောပအထိ ဆက်သွယ်နိုင်သည်။ ထိုရေလမ်းကြောင်းကိုအသုံးပြုမှုသည် ကမ္ဘာ့ကုန်သွယ်ရေး၏ ၄၀ ရာခိုင်နှုန်းရှိသည်။ ယင်းတို့တွင် တရုတ်နှင့် ဂျပန်နိုင်ငံတို့အား စွမ်းအင်များထောက်ပံ့ပေးပို့နေမှုမှာ ၈၀ ရာခိုင်နှုန်းရှိသည်။

ထူထောင်

စင်ကာပူ၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် ပင်လယ်ဓားပြတိုက်မှုများကြောင့် ရေလက်ကြားကင်းလှည့်အဖွဲ့ကို ထူထောင်ထားသည်။

ပေးဆောင်

ရေလက်ကြား ထိန်းသိမ်းရေးနှင့် လုံခြုံရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များလာရာ သင်္ဘောကုမ္ပဏီများအနေဖြင့် ထိုရေလက်ကြား အသုံးပြုခအဖြစ် ပေးဆောင်သင့်ကြောင်း ကွာလာလမ်ပူမြို့၌ ကျင်းပသော အစည်းအဝေးတစ်ရပ်၌ ပင်လယ်ရေကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကယ်လီဖိုးနီးယားတွင် အပူလှိုင်းကျရောက်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၄

အမေရိကန်နိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့ရသည်။

ပြီးခဲ့သည့် သီတင်းပတ်များကတည်းက အပူလှိုင်းကျရောက်ခဲ့ရာ ခြံမွေးတိရစ္ဆာန် ထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး တိရစ္ဆာန်များကို ထိန်းသိမ်းမှု မပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးရုံးက ဩဂုတ် ၂ရက်၌ ပြောကြားသည်။

ပျက်စီး

ကောက်ပဲသီးနှံများ ဆုံးရှုံးရမှုတွင် ဂျုံ၊ ခရမ်းချဉ်သီး၊ စပျစ်သီးနှင့် မက်မန်းသီးများကဲ့သို့သောသီးနှံများ ပျက်စီးခဲ့ကြောင်းလည်း ဒေသခံတောင်သူများက ပြောကြားသည်။ ပျက်စီးဆုံးရှုံးမှုမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှားပါးကြိုးကြာငှက်

အလွန်ရှားပါးသော ကြိုးကြာငှက်တစ်ကောင်ကိုတွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါကြိုးကြာငှက်ကို အိန္ဒိယနိုင်ငံနယူးဒေလီမြို့ တိရစ္ဆာန်ဥယျာဉ်တွင် တွေ့ရှိရပြီး ဦးခေါင်းတွင် သရဖူပုံအမောက်ပါရှိသည်။ ခန္ဓာကိုယ်တွင် တိုသောအမွေးများ ဖုံးလွှမ်းလျက်ရှိပြီး နှုတ်သီးမှာ သာမန်ကြိုးကြာငှက်များထက်ရှည်လျားသည်။ အလွန်ရှားပါးသော ကြိုးကြာမျိုးစိတ် ငှက်တစ်ကောင်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အသေးငယ်ဆုံးပန်ဒါလေး

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ပန်ဒါလေး တစ်ကောင်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါပန်ဒါလေးမှာ တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် ဟီဖိုင်းမြို့ ဆာဖာရီဥယျာဉ်အတွင်း၌ရှိပြီး ပြီးခဲ့သည့် ဇွန်၁၆ရက်က အမြွှာပူးမွေးလာသော ပန်ဒါအထီးနှစ်ကောင်အနက် တစ်ကောင်ဖြစ်ကာ ခန္ဓာကိုယ်အလေးချိန် ၀ဒသမ၆၄၅ ဂရမ်သာရှိကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များက အသင်း၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဌာနေကိုယ်စားလှယ်များသည် ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမရှိ အသင်း၏လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF မှ ဌာနေကိုယ်စားလှယ် Mr. Ramesh M.Shrestha တွေ့ဆုံစဉ်။

(သတင်းစဉ်)

မဟာသိမ်တော်ကြီး၌ တရားတော်များ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး၌ (ဝါခေါင်လပြည့်နေ့) ည ၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသသည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများကို အမျှုးထား၍ ရန်ကုန်မြို့ ဒဂုံတောင်ပိုင်း (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်း အမှတ်၂၄နေ ဦးချစ်သန်း–ဒေါ်လှမြင့် (ကားဘော်ဒီလုပ်ငန်း)မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အမှုဆောင်ဆရာတော် ဦးဝိနယ (ဝံသမေဒိနီစာသင်တိုက်)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများကို အမျှုးထား၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်း အမှတ်၁၀၅နေ ကိုတင်ထွန်း–မခင်ဥမ္မာမြင့်(ဒေါ်ဝင်း တိုင်းရင်းဆေး) မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅–၈–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ ပုညခင်နှင့် တွေ့ဆုံခြင်း)
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	မိခင်လောင်းများအတွက် အာဟာရ
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	လှပစွာဖူးပွင့်လာသော ပန်းသစ်ကလေး (တောင်ကြီးမောက်မယ်)
၈း၁၅	မိုးလေဝသခန့်မှန်းချက်
၈း၂၀	ကလေးတို့အတွက် လက်ဆောင် (လိပ်ပြာနှင့် ပန်းဝိုင်း အရုပ်ခေါက်နည်း)
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	Cartoon Animation မှသည် သမိုင်းပုံရိပ်ဆီ
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	လင်းလက်တောက်ပ သဘော်ဆေးအလှ
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာအနုပညာရေးရာ
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	မိသားစုတနင်္ဂနွေ(ကျိုက်မော်ဝန်းရေလယ်စေတီ)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
၁၁း၃၀	ပေါ့ပေါ့ပါးပါး၊ မြန်မြန်ဆန်ဆန်
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ထောက်ပံ့ငွေများပေး

ဇူလိုင် ၃၀ရက်က ဗဟန်းမြို့နယ် ငါးထပ်ကြီး(တောင်)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်အစည်းအဝေးကို ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ရပ်ကွက်အတွင်းရှိ မျက်စိခွဲစိတ်ကု ဝေဒနာရှင်များအား ထောက်ပံ့ငွေများပေးအပ်စဉ်။ (က–ပ)

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

စိုးရိမ်ပူပန်စိတ် လွန်ကဲသူများ လွဲမှားသောဆုံးဖြတ်ချက်ချတတ်သူများဖြစ်

စိုးရိမ်ပူပန်စိတ်များပြီး စိတ်လှုပ်ရှားလွယ်သောသူများသည် အခက်အခဲပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ဆင်ခြင်တုံတရားကင်းမဲ့ကာ လွဲမှားသောဆုံးဖြတ်ချက်များချတတ်ကြကြောင်း လန်ဒန်မြို့မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

မတုံ့ပြန်နိုင်

သုတေသနပညာရှင်များက စိုးရိမ်ပူပန်စိတ်များသော လူ၂၀ကို သုတေသန ပြုလေ့လာကြည့်ရာတွင် အခက်အခဲပြဿနာနှင့် ကြုံတွေ့ပါက အဆိုပါလူများသည် မှန်ကန်သောဆုံးဖြတ်ချက် တစ်ရပ်ကို ၎င်းတို့၏ ဦးနှောက်မှ မတုံ့ပြန်နိုင်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

ဆုံးဖြတ်ချက်

ထိုလူများသည် ခက်ခဲသောပြဿနာတစ်ရပ်နှင့် ကြုံတွေ့ရပါက မျက်နှာပြင် အနေအထားပါပြောင်းလဲသွားတတ်ကြောင်း၊ ထိုသို့ပြောင်းလဲသွားမှုသည် စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပြီး ယင်းစိတ်လှုပ်ရှားမှုမှ ဦးနှောက်သို့ နှိုးဆော်မှုပေးရာတွင် မှန်ကန်စနစ်ကျမှုမရှိသဖြင့် ဦးနှောက်မှလည်း မှန်ကန်သော ဆုံးဖြတ်ချက် ချမှတ်နိုင်မှုမရှိခြင်းဖြစ်ကြောင်းလည်း အဆိုပါ သုတေသန ပညာရှင်များက ပြောကြားသည်။

တွေ့ရှိချက်

လန်ဒန်ကောလိပ်မှ သုတေသနပညာရှင်များက ယခုကဲ့သို့ တွေ့ရှိချက်ကို လန်ဒန်မြို့ထုတ် သိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။

ဆုံးဖြတ်ချက်မှန်ကန်

သို့သော်လည်း စိတ်တည်ငြိမ်မှုရှိပြီး စိတ်လှုပ်ရှားမှုကိုလည်း ထိန်းချုပ်နိုင်သူများသည် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ၎င်း၏ တည်ငြိမ်သော လှုပ်ရှားဆောင်ရွက်မှုကြောင့် ဆုံးဖြတ်ချက်များ မှန်ကန်မှုများပြီး လူအများကို ဦးဆောင်နိုင်သူတစ်ဦးအဖြစ် ရှိနေတတ်ကြကြောင်း ၎င်းသုတေသန ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၅–၈–၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၀	၆။	လင်္ဂမ်းပြင်ရေလှောင်တမံ
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar Made Easy

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၃၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ဆည်းဆာ”** (အပိုင်း–၁၀)
၁၃း၁၅	၇။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃း၂၅	၈။	လောကနီတိများ **“မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ”** ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်ခင်ဇာခြည်ကျော် (ဒါရိုက်တာ–ခင်ဇော်)
၁၃း၁၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၂၀	၁၀။	**“မမြင်ကွယ်ရာ”** မောင်မောင်မျိုးသန့်၊ မတူး၊ မောင်မောင်မြင့် ဒါရိုက်တာ–စိုးဟိန်း (မန်းတက္ကသိုလ်)
၁၄း၄၅	၁၁။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇း၁၀	၆။	အကပြိုင်ပွဲ
၁၇း၁၅	၇။	နားဝင်ပီယံသူ့လက်သံ
၁၇း၂၅	၈။	တေးဂီတအစီအစဉ်
၁၇း၃၅	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၂၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	Discovery
၁၈း၅၀	၁၃။	ချောင်းမငယ်ရေလှောင်တမံ
၁၈း၅၅	၁၄။	အထွက်တိုးလို့နေပါသည် စပါးမှာဆင်းရွှေလီ
၁၉း၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ဖြူစင်မေတ္တာ”** (အပိုင်း–၁၉)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **“မေတ္တာပန်းတိုင်”**(အပိုင်း–၇)

မုံရွာမြို့တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၄

ဩဂုတ် ၂ ရက် ညနေ ၅ နာရီခန့်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ကွေ့ကြီးရပ်ကွက် သာလွှာဝတီဆိပ်ကမ်း၌ ဦးအောင်မြင့်စိန်၏ အောင်မြတ်သိန်း ဆီသယ်ရေယာဉ်မှ ဂါလန်၂၀၀၀ ဆံ့ သိုလှောင်ကန်သို့ ဆီထည့်စဉ် အငွေ့တွန်းကန်မှုကြောင့် ပေါက်ကွဲ၍ မီးလောင်မှု ဖြစ်ပွားရာမီးသတ်ယာဉ်ငါးစီးနှင့် အရန်သန္နတပ်ဖွဲ့ဝင် ၆၅ ဦးတို့ဖြင့် စုပေါင်း ငြိမ်းသတ်ခဲ့ရပြီး ဒီဇယ်ဆီ ပီပါ ငါးလုံးနှင့် မော်တော်စက် အစိတ်အပိုင်းများ မီးလောင်ခံရကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် အဖွဲ့ ရန်ကုန်အနောက်ပိုင်း အထွေထွေကုဆေးရုံကြီးသို့ ငွေကျပ် ၄၆ သိန်း တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းက လက်ခံစဉ်။ (သတင်းစဉ်)

ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ရန်ကုန်အနောက်ပိုင်းအထွေထွေကုဆေးရုံကြီးသို့ ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သွားရောက်ပြီး ငွေကျပ် ၇၆ သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးက လက်ခံရယူခဲ့ကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူပင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်အနောက်ပိုင်း အထွေထွေကုဆေးရုံကြီးသို့ သွားရောက်ကြပြီး ငွေကျပ် ၄၆ သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၄ ရက်၌ မိုးရွာသွန်းလေသမျှ

ဟားခါး	၂၃၁မ၃၂လက်မ
သံတွဲ	၂၃၁မ၀၁လက်မ
ပုသိမ်	၁၁၁မ၇၇လက်မ
ရေးမြို့	၁၁၁မ၆၃လက်မ
ကလေး၀	၁၁၁မ၃၀လက်မ
ပခုက္ကူ	၀၁၁မ၄၇လက်မ

မြန်မာပီသ စိတ်ကောင်းလှ

* နေရာညပါ မြန်မာအကြောင်း
အကောင်းမပါ၊ ပြောလိုက်တာကွယ်
ကုန်တယ်လို့မရှိပါလား၊
အားအားယားယား၊ မနားမနေ
အလေဏာတော၊ တစ်ပြောတည်းပြော
အတောမသတ်၊ တရစပ်ကြီး
ငါနားငြီးတယ်၊ တကယ်ပဲဟ
မဟုတ်ကဟုတ်က၊ ကြားရတာများတော့
နားဝမှာကလောပေါ့၊ ငါဒေါ်ပွတယ်
ဘယ့်နှယ်လဲကွာ၊ သူတို့ဟာက
ဝမ်းစာမရှာ၊ ဟိုဟာကိုပြော ဒီဟာပြောနဲ့
မောပဲမမောနိုင်ဘူး။

* ဘုရားရှိခိုး၊ ဘကြီးဖြိုး၏
တိုးတိုးညင်သာ၊ မေတ္တာပို့ခိုက်
ဖွင့်လိုက်မိ RFA၊ မှားမိချေပေါ့။

* ကန်တော့ပါရဲ့ဘကြီးဖြိုး၊ ငဖိုးဝကျွန်တော်
သူတော်ကောင်းတရား၊ ပွားများချိန်ခိုက်
ဖွင့်လိုက်မိတာ၊ ခွင့်လွှတ်ပါနော်
သို့သော်ခင်ဗျာ၊ ပြောပါရစေ
သူတို့တွေဟာ၊ မြန်မာအကြောင်း
မကောင်းပြောနိုင်၊ ထုတ်လွှင့်နိုင်မှ
ဝမ်းစာလုပ်ခ၊ ရကြရှာတာအမှန်ပါ။

* ဟေ- ဒီလိုလားဟ
သနားလှသကွာ၊ သူခမျာများ
ဝမ်းစာပေပဲ၊ ဆဲချင်လဲဆဲပါစေတော့
စိတ်ကိုလျှော့ကာ၊ ကရုဏာလေသံ
ကြားပြန်လိုက်ရ၊ ဘကြီးဖြိုးထံက
သြော်- မြန်မာပီသ စိတ်ကောင်းလှ။ ။

ဖိုး၀

သဘာဝ အခြေခံရီးသွားများ လေ့လာအပန်းဖြေအနားယူရန်အတွက် ဆွဲဆောင်မှုရှိသော မတူပီမြို့နယ်အတွင်းရှိ ဘုံတလာ ရေတံခွန်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သစ်တောရေးရာ)

■ ကျောဖုံးမှ

ယင်ကျေးမှုကို အခြေခံသည့် ကမ္ဘာ့အံ့ဖွယ် ရွှေတိဂုံစေတီတော်ကြီး တည်ရှိရာ ရန်ကုန်မြို့၊ စေတီပုထိုး သာသနိက အဆောက်အအုံများနှင့် ရိုးရာလက်မှု အတတ်ပညာများ ထွန်းကားတည်ရှိရာ မန္တလေး ဒေသနှင့် ဘီစီ ၁၁ ရာစုမှ ၁၃ ရာစုအကြား စေတီ ပုထိုးပေါင်း မြောက်မြားစွာ တည်ထားခဲ့သည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၊ ဒေသများသည် မြန်မာပြည်သားများသာမက နိုင်ငံခြား ခရီးသည်များအတွက်ပါ အလွန်နှစ်ခြိုက်လည်ပတ်နိုင်သော ခရီးစဉ်များပင်ဖြစ်သည်။

ဆွဲဆောင်

ထို့အပြင် နိုင်ငံ၏ မြောက်ဘက်စွန်း ကချင်ပြည်နယ်ရှိ ၁၉၂၉၆ ပေအမြင့်ရှိသည့် ခါကာဘိုရာဇီတောင် အပါအဝင် ရေခဲဖုံးလွှမ်းနေသော

သည့် ခရီးစဉ်များအဖြစ် ထင်ပေါ်ကျော်ကြား ထူးခြားသော ခရီးသွား ဆွဲဆောင်မှုများပင်။

ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်အတွင်း လေ့လာခံစားအပန်းဖြေနိုင်သည့် သဘာဝတောင်ပေါ် ထင်းရှူးတော ရှုခင်းကို ဤသို့ သာမောဖွယ် တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သစ်တောရေးရာ)

တောင်တန်းများ၊ နိုင်ငံ၏ တောင်ဘက်စွန်း၌ တည်ရှိသော ကျွန်းပေါင်း ၁၀၀ ကျော်ပါဝင်သည့် မြိတ်ကျွန်းစုများ၊ တောရိုင်းတိရစ္ဆာန် သားငှက်များနှင့် သစ်ပင်ပန်းမန် မျိုးစိတ်ပေါင်းများစွာတည်ရှိရာ သဘာဝ သစ်တောကြီးများ၊ မြစ်၊ ချောင်း၊ အင်းအိုင်များသည် သဘာဝ အခြေခံ

နတ်မတောင်အမျိုးသားဥယျာဉ်

ယင်းဒေသ များစွာအနက် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း စခန်းတစ်ခုဖြစ်သည့် နတ်မတောင် အမျိုးသားဥယျာဉ်သို့ မရောက်ဖူးသေးသူများအတွက် စာပန်းချီခြယ်မှုန်းပြလိုပါသည်။

ကန်ပက်လက်မြို့နယ်

နတ်မတောင် (ယခင်အမည် Mount Victoria)သည် ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့နယ်တွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၁၈ မြင့်မားသည်။ စင်စစ်ဟိမဝန္တာတောင်တန်း၏ အရှေ့တောင်ဘက် တောင်စဉ်တောင်တန်းများအနက် တစ်ခုဖြစ်သည်။

ခရီးစဉ်ကား ရန်ကုန်-ပုဂံ ညောင်ဦးသို့ လေယာဉ်ဖြင့် မိုင် ၃၂၀၊ ထိုမှတစ်ဆင့် ချောက်-ဆိပ်ဖြူ-ဆော-ကန်ပက်လက်အထိ ကားဖြင့် ၉၃ မိုင်ရှိသည်။

လှပဝေဆာ

ခရီးသွားတို့ သွားရကျိုးနပ်ပေလိမ့်မည်။ ရှုလေမိတ်ဆွေ၊ ကမ္ဘာပေါ်တွင် မြန်မာ၌သာရှိသည့် ရှားပါးငှက်မျိုး လေးမျိုးအနက် ချင်းတောင်တန်းဒေသ နတ်မတောင်ဧရိယာအတွင်း၌သာ ကျက်စားပြီး လေ့လာတွေ့ရှိနိုင်သော မြန်မာ့ငှက်မျိုးစစ်စစ်ဖြစ်သည့် "မျက်ခုံးဖြူ ငှက်ပြာခြောက်"နှင့် အခြား ဇီဝဗေဒိငှက် (ထရာဂိုပင်ရစ်နီ) ငှက်အပေါင်းတို့က အတောင်ပံတဖျပ်ဖျပ်ဖြင့် နတ်မတောင်၏တောင်ထိပ်ပေါ်ရှိ တောများတွင် ကျင်လည်ကျက်စားလျက် တောင်ဇလပ်ပန်းနီနီတို့နှင့် ဆေးဖက်ဝင်ကျောက်ထင်းရှူးပင်ကြီး(Yew Tree)များက သဘာဝမပျက် လောကကို အလှဆင်လျက်၊ သစ်ခွမျိုးစုံတို့က လည်း လှပဝေဆာ တင့်ဆန်းလျက် ရှိပေသည်။

နတ်မတောင်သည် အသင့်အတင့် ကျယ်ဝန်းပြီး ကျောက်တိုင်၊ ကျောက်ဆောင်အချို့မှာ သစ်ပင်မြက်ခင်းများကြားမှ ပေါ်ထွက်နေသည်။ တောင်ထိပ်မှ တောင်စွယ်အချို့သည်လည်း ဖြာထွက်နေကာ လှိုမြောင်တောင်ကြားမှ ချောင်းငယ်များက တသွင်သွင်စီးဆင်းနေသည်။ တောင်ကြောတစ်လျှောက်တွင်မူ ထင်းရှူး၊ တောင်

ဒေသခံ ချင်းတိုင်းရင်းသူတို့၏ နေ့စဉ် လူနေမှုဘဝကို လေ့လာနိုင်ကြသည်။ (ဓာတ်ပုံမှတ်တမ်း-သစ်တောရေးရာ)

ဇလပ်နီပင်၊ သစ်အယ်၊ လောက်ယား၊ ဝက်သစ်ချပင်များနှင့် သမအေးပိုင်း သစ်မျိုးများက ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

တောင်ရိုင်းတိရစ္ဆာန်များဖြစ်ကြသည့် ပြောင်၊ တောဆိတ်၊ တောင်ဆိတ်များနှင့် မြန်မာနိုင်ငံ၏ ဒေသရင်းမျိုးစိတ်ငါးမျိုး အပါအဝင် လိပ်ပြာမျိုး ၅၇ မျိုးခန့်နှင့် ငှက်မျိုးစိတ် ၂၈၄ မျိုးခန့်ကလည်း ငှက်ချစ်သူများကို ဖိတ်ခေါ်သကဲ့သို့ရှိသည်။

ဒေသခံ ချင်းတိုင်းရင်းသားတို့၏ မိရိုးဖလား ကိုးကွယ်မှု၊ နေ့စဉ်လူနေမှုဘဝ၊ ရိုးရာယဉ်ကျေးမှု အဆိုအကများ၊ ချင်းလွယ်အိတ်၊ ချင်းစောင်၊ ချင်းပုတီး၊ ကျောက်ပုတီးစသည့် အသုံးအဆောင်ပစ္စည်းများ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ မီးပုံပွဲများ၊ ခေါင်ရည်ပွဲများစသည့် ရှာသီပွဲများကလည်း မမေ့နိုင်အောင်ဖြစ်ရပါသည်။

သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို မျက်ခြည်မပြတ်သွားရောက်လေ့လာကြရုံမျှမက ရေ သစ် မြေသစ် တောတောင်သစ်များကိုရှာဖွေနိုင်ရေးအတွက်ပါ ကြိုးပမ်းကြရန် တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ကန်ပက်လက်မြို့အနီးရှိ ဒေသခံသစ်တောထွက်ပစ္စည်းများဖြင့် ချင်းရိုးရာမပျက် တည်ဆောက်ထားသော နတ်မတောင် အမျိုးသားဥယျာဉ်၏ ဧည့်ရိပ်သာကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သစ်တောရေးရာ)

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းစွမ်းဆောင်မှု

အာရှတိုက်၌ လူကုန်ကူးမှုအများဆုံးဖြစ်ပွားရာဒေသသည် မဲခေါင်မြစ်ဝှမ်းဒေသဖြစ်ပါသည်။ ထို့ကြောင့် မဲခေါင်ဒေသ နိုင်ငံခြောက် နိုင်ငံဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့်အစည်းအဝေး (Coordinated Mekong Ministerial Initiative Against Trafficking-COMMIT)ကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို အောင်မြင်စွာ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ရာတွင်–

“ဤအစည်းအဝေးသည် လူကုန်ကူးမှု တိုက်ဖျက်သွားရေးအတွက် နိုင်ငံအသီးသီးက ချမှတ်ထားသည့် သန္နိဋ္ဌာန်ကို ခိုင်မာစွာဖော်ပြနေခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းရှိ နိုင်ငံများနှင့်အတူ စိတ်အားထက်သန်စွာ လက်တွဲပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချထားပါကြောင်း၊ လူကုန်ကူးမှုကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်သည့် လူ့ပတ်ဝန်းကျင်၊ လူသားအချင်းချင်း ခေါင်းပုံဖြတ်ခြင်းကို လုံးဝသည်းမခံနိုင်သည့် လူ့ပတ်ဝန်းကျင် တည်ဆောက်ရမှာဖြစ်ကြောင်း”

ပြောကြားပြီး မြန်မာနိုင်ငံ၏ ရပ်တည်မှုကို အတိအလင်း ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ယခင်က လူကုန်ကူးမှုကိုအရေးယူသည့် သီးခြားဥပဒေမရှိသေးသဖြင့် အပြည်ပြည်ဆိုင်ရာ စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် သီးခြားဥပဒေပြဋ္ဌာန်းရေးအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှာ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဥပဒေမူကြမ်း ရေးဆွဲခဲ့ပြီးနောက် ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် နိုင်ငံတကာမှ ဥပဒေပညာရှင်များကိုပါ ဖိတ်ခေါ်၍ ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုဥပဒေပညာရှင်များ၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို သုံးသပ်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ထိုဥပဒေပြဋ္ဌာန်းခြင်းမပြုမီက လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများကို ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူခဲ့ပါသည်။ ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဖြင့် အမှု၁၄မှုမှ တရားခံ၄၄ဦးတို့ကို တရားစွဲဆို အရေးယူခဲ့ပြီးဖြစ်ပါသည်။ ဤဥပဒေအရ လူကုန်ကူးသူ တရားခံများအား သေဆုံးသည့်အချိန်အထိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံစေနိုင်သော ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်နိုင်သည့်အပြင် ပိုင်ဆိုင်သောငွေကြေးပစ္စည်းများကိုပါ သိမ်းဆည်းနိုင်သည့် ပြဋ္ဌာန်းချက် ပါရှိသဖြင့် လူကုန်ကူးသူများကို ပိုမိုထိရောက်စွာ အရေးယူဟန့်တားနိုင်လျက် ရှိနေပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့များနှင့် ပြည်နယ်၊တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့များကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့များသည် လူကုန်ကူးမှုပပျောက်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက် ဥပဒေအား ပြည်သူလူထုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ပိုမိုသိရှိစေရန်၊ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုရရှိရန်ရည်ရွယ်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်နေ့နှင့် မတ်လ ၁ရက်နေ့တို့တွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မဟာမဲခေါင်ဒေသခွဲအတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ် (UNIAP)တို့ ပူးပေါင်း၍ ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ယင်း နှီးနှောဖလှယ်ပွဲ၌ ရှေ့လုပ်ငန်းစဉ်(၁၄)ရပ် ချမှတ်နိုင်ခဲ့ပါသည်။ ထို့အပြင် မန္တလေး၊ လားရှိုး၊ ပဲခူး၊ တာချီလိတ်၊ ကော့သောင်းနှင့် မော်လမြိုင်မြို့တို့တွင် တိုင်းနှင့်ပြည်နယ်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲများကို ၂၀၀၆ခုနှစ် မေလနှင့်ဇွန်လအတွင်း ကျင်းပနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အစိုးရတို့အကြား လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း နားလည်မှုစာချွန်လွှာအရ ARCPPT နှင့်ပူးပေါင်း၍ ၂၀၀၄ခုနှစ် ဇွန်လတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့တစ်ဖွဲ့ကိုလည်းကောင်း၊ ၁–၁–၂၀၀၆ရက်နေ့တွင် လူကုန်ကူးမှုများ ဖြစ်ပွားရာ ပြည်နယ်နှင့်တိုင်း မြို့ကြီးကိုးမြို့ဖြစ်သော ဗန်းမော်၊ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ မော်လမြိုင်၊ ကော့သောင်း၊ ရန်ကုန်၊ ကလေးနှင့် မန္တလေးမြို့တို့တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့များ ဖြန့်ခွဲချထား၍လည်းကောင်း တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ Regional Plan of Action အရ ၁၅–၁–၂၀၀၅ရက်နေ့တွင် မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ အေးချမ်းသာယာမှုတည်ဆောက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုသဘောတူညီချက်၏ အစိတ်အပိုင်းဖြစ်သော လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၀၅ခုနှစ် နိုဝင်ဘာလတွင် ပုဂံမြို့၌ကျင်းပခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ပါသည်။

ထို့ကြောင့် တရုတ်နယ်စပ်ဒေသတွင် လူမှောင်ခို လူပွဲစားများက မြန်မာအမျိုးသမီးများအား တရုတ်အမျိုးသားများနှင့် အဓမ္မလက်ထပ်ထိမ်းမြားရန် ပို့ဆောင်ရောင်းစားမှုများ ပြုလုပ်နေခြင်းကို တရုတ်ရဲတပ်ဖွဲ့က ကယ်တင်လွှဲပြောင်းပေးနေသကဲ့သို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့များကလည်း တရုတ်ရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဖော်ထုတ်ပြီး ကယ်တင်မှုများကို ဆောင်ရွက်နိုင်လျက် ရှိနေပါသည်။

လူပွဲစားများသည် အမျိုးသမီးငယ်များအား တရုတ်နိုင်ငံတွင် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ရမည်ဟု မက်လုံးပေးသွေးဆောင်စည်းရုံးခေါ်ဆောင်ကာ တရုတ်အမျိုးသားများနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားခဲ့ကြရာ ၂၀၀၅ခုနှစ်မှစ၍ တရုတ်ရဲတပ်ဖွဲ့က မြန်မာအမျိုးသမီး၅၄ဦးတို့ကို ဖော်ထုတ်ကယ်တင်ပြီး မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ တရုတ်လူပွဲစားများထံ လူကုန်ကူးပြီး ရောင်းစားခဲ့ကြသည့် လူပွဲစား၄၇ဦးနှင့် ပြည်ပလူပွဲစား ၂၂ဦးကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်။

တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခံရသည့် အမျိုးသမီးငယ်များအား ကယ်တင်ခြင်းနှင့် လူပွဲစားများအား ဖော်ထုတ်အရေးယူခြင်းကို နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့ရာ အောက်ပါအတိုင်း လူကုန်ကူးခံရသူများအား ကယ်တင်နိုင်ခဲ့ပြီး တရားခံများကိုလည်း ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါသည်။

၂၀၀၅ခုနှစ် ဩဂုတ်လအတွင်းက မြစ်ကြီးနားမြို့မှ တရားခံမဆောင်ဝမ်ဆိုသူသည် မအားကူးချန်(၁၆နှစ်)၊ မရွှယ်နူး(၁၈နှစ်)၊ မဆိုင်းမိုင်(၁၈နှစ်)တို့အား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ရာ တရုတ်ပြည်အတွင်းပိုင်း ကျီလင့်ပြည်နယ် မေဟော်မြို့အထိ ရောက်ရှိပြီး အဓမ္မလက်ထပ်ခြင်းခံခဲ့ရပါသည်။ မူဆယ် လူကုန်ကူးမှု

ခင်ယု...

တားဆီးနှိမ်နင်းရေး အထူးအဖွဲ့သည...
ပူးပေါင်း၍ ၁၁–၆–၂၀၀၆ရက်နေ့...
ကယ်တင်နိုင်ခဲ့ပြီး တရားခံအား ဖမ်...

သိန္နီမြို့နယ်မှ မအေးဖျစ် (၂၅...
အား ၁၄–၄–၂၀၀၆ရက်နေ့က တ...
ရောင်းစားရန် ထိန်းချုပ်ထားစဉ်...
ကယ်တင်နိုင်ခဲ့ပြီး ၂၀–၄–၂၀၀၆ ရ...
ပို့ဆောင်နိုင်ခဲ့ပါသည်။ လူပွဲစားလုပ်...
ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါသည်။

ကွတ်ခိုင်မြို့နယ်မှ မကျန်း...
(၁၅နှစ်)တို့အား လူပွဲစားမဗျာမူဂု...

နယ်စပ်ဒေသလူငယ်...
ခဲ့ရာ လူငယ်သင်တန်းကျေ...
ရှိပြီး အမျိုးသမီးငယ် ၁...
ပညာရေးအနေဖြင့် န...
ဇဝနှင့် မူလတန်းကျောင်...
တိုင်းရင်းသား ကျောင်းသ...

စည်းရုံးကာ တရုတ်နိုင်ငံအတွင်းပိုင်...
မူဆယ် လူကုန်ကူးမှု တားဆီးနှိမ်နင်...
စစ်ဆေးခဲ့ရာမှ ၃–၅–၂၀၀၆ရက်နေ့...
ညှိနှိုင်းပူးပေါင်းကာ ပြန်လည်ကယ...
ရက်နေ့တွင် မိဘများထံ ပြန်လည်...

သိန္နီမြို့နယ်မှ နန်းအေးနွံ...
(၁၈နှစ်)က တရုတ်နိုင်ငံတွင် အ...
ခေါ်ဆောင်သွားပြီး တရုတ်နိုင်ငံ ကိ...
အဓမ္မလက်ထပ်ရန် ထိန်းချုပ်ထား...
တားဆီးနှိမ်နင်းရေး အထူးအဖွဲ့က...
ဖော်ထုတ်ပြီး နန်းအေးနွံအား ကယ်...
ရက်နေ့တွင် မိဘများထံ ပြန်လည်...

မဲခေါင်ဒေသအတွင်းရှိ နိုင်ငံ...
တိုက်ဖျက်ရေး စီမံကိန်းအရ တရ...
ပူးပေါင်းဆောင်ရွက်မှုကိုလည်း လေ့...
နိုင်ငံမှ တရုတ်ပြည်သို့ လူမှောင်ခိုက...
ခုနှစ်၌ ယခင်နှစ်ကထက် နှစ်ဆ...
နယ်စပ်ကိုဖြတ်ကျော်ပြီး တရုတ်နိုင်...
လူမှောင်ခိုကုန်ကူးမှု ၁၂၅မှုကို ပူး...
ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် ဇူလိုင်လ...
၁၀၀ကျော်ကို ကယ်တင်နိုင်ခဲ့ကြေ...
ကူးသန်းသွားလာဆက်ဆံမှုများ...
လူမှောင်ခိုကုန်ကူးမှုလည်း ပိုများလာ...
ဗီယက်နမ်အမျိုးသမီးအများစုမှာ...
ကျေးရွာသူများဖြစ်ကြောင်း၊ တစ်ဖ...
စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ကေ...

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာစာချုပ်များ၏ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေရှိသော ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း(National Plan of Action) ချမှတ်အကောင်အထည်ဖော်ခြင်း၊ လူကုန်ကူးသူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဖမ်းဆီးပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လူငယ်လေ့ကျင့်ရေးကျောင်းများနှင့် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ အသက်မွေးဝမ်းကျောင်း ကျောင်းများထူထောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော်ခြင်း၊ မြို့နယ်ခွဲများ ထူထောင်ခြင်းစသည့် များပြားလှသော လုပ်ငန်းရပ်များကို မိမိနိုင်ငံ၏ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် ဘက်စုံကြိုးပမ်း အားထုတ်စွမ်းဆောင်လျက်ရှိ။

စွမ်းဆောင်မှုများ(၂)

ခင်ယွန်းခိ

တားဆီးနှိမ်နင်းရေး အထူးအဖွဲ့သည် တရုတ်ရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပူးပေါင်း၍ ၁၁-၆-၂၀၀၆ရက်နေ့တွင် လူကုန်ကူးခံရသူသုံးဦး ကယ်တင်နိုင်ခဲ့ပြီး တရားခံအား ဖမ်းဆီးတရားစွဲတင်နိုင်ခဲ့ပါသည်။

သိန္နီမြို့နယ်မှ မအေးဖျစ် (၂၅နှစ်)နှင့် မအေးယု (၁၇နှစ်)တို့အား ၁၄-၄-၂၀၀၆ရက်နေ့က တရုတ်နိုင်ငံ ကျယ်ဖန်မြို့တွင် ရောင်းစားရန် ထိန်းချုပ်ထားစဉ် တရုတ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း ကယ်တင်နိုင်ခဲ့ပြီး ၂၀-၄-၂၀၀၆ ရက်နေ့တွင် မိဘရပ်ထံ ပြန်လည်ပို့ဆောင်နိုင်ခဲ့ပါသည်။ လူပွဲစားလုပ်သူ အိုက်ရွှေနှင့် မအေးမူတို့အား ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါသည်။

ကွတ်ခိုင်မြို့နယ်မှ မကျန်းမေကျင်း(၁၆နှစ်)၊ မကိုင်ကျန် (၁၅နှစ်)တို့အား လူပွဲစားမဗျာမူဂူက မူဆယ်တွင် အလုပ်ရမည်ဟု လှည့်ဖြားခံရပြီး ပြည့်တန်ဆာအဖြစ် ရောင်းစားခံခဲ့ရကြောင်း၊ အလားတူ တရုတ်နိုင်ငံမှ အမျိုးသမီးငယ်များသည်လည်း ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ လူမှောင်ခိုကူးမှုခံနေရကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖတ်ရှုလိုက်ရပါသည်။

ထို့အတူ မြန်မာအမျိုးသမီးငယ်များအား အိမ်ဖော်လုပ်ရန်နှင့် ပြည့်တန်ဆာအဖြစ်စေခိုင်းရန် ထိုင်းနိုင်ငံအတွင်းသို့ လူကုန်ကူးပို့ဆောင်မှုများရှိသဖြင့် ထိုင်းရဲတပ်ဖွဲ့က ကယ်တင်၍ ပြန်လည်လွှဲပြောင်းပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များက လူပွဲစားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မိန်းကလေးငယ်အချို့သည် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ရန် ပွဲစားများမှတစ်ဆင့် ကြိုးစားခဲ့ရာ လူပွဲစားများက အဓမ္မစေခိုင်းသည့် အိမ်ဖော်လုပ်ငန်းများနှင့် ပြည့်တန်ဆာခေါင်းများထံ အဆင့်ဆင့် ရောင်းစားခြင်းခံခဲ့ကြရပြီး ၎င်းတို့သည် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးရာ ဒေသများသို့ ရောက်ရှိခဲ့ကြပါသည်။ ၎င်းတို့ရောက်ရှိနေသည့် ကာရာအိုကေခန်းမ၊ ပြည့်တန်ဆာခန်းတို့ကိုသက်ဆိုင်ရာထိုင်းရဲတပ်ဖွဲ့ကဖော်ထုတ်ဖမ်းဆီးပြီး ၎င်းတို့အား အမျိုးသမီးဂေဟာများတွင် ထားရှိကာ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ ၂၀၀၅ခုနှစ်တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သူ ၃၁ဦးရှိပြီး ၎င်းတို့အား သွေးဆောင်ဖြားယောင်းခဲ့သူ လူပွဲစား ပြည်တွင်းတရားခံငါးဦးနှင့် ပြည်ပတရားခံလေးဦးတို့ကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပါသည်။

နယ်စပ်ဒေသလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ လူငယ်သင်တန်းကျောင်းများမှ တိုင်းရင်းသားလူငယ် ၂၅၇၈ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိပြီး အမျိုးသမီးငယ် ၁၇၈၈၃ဦးအား အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးနိုင်။

ပညာရေးအနေဖြင့် နယ်စပ်ဒေသများ၌ အထက်တန်းကျောင်း ၉၂ကျောင်း၊ အလယ်တန်းကျောင်း ၉၀နှင့် မူလတန်းကျောင်း ၈၅၂ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုအခါ နယ်စပ်ဒေသမှ တိုင်းရင်းသား ကျောင်းသူကျောင်းသား ၁၇၀၉၂၀ တက်ရောက် ပညာသင်ကြားနေကြပြီ။

စည်းရုံးကာ တရုတ်နိုင်ငံအတွင်းပိုင်းအထိ ခေါ်ဆောင်သွားခဲ့သဖြင့် မူဆယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့က ဖော်ထုတ်စစ်ဆေးခဲ့ရာမှ ၃-၅-၂၀၀၆ရက်နေ့တွင် နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပူးပေါင်းကာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ၂၃-၅-၂၀၀၆ ရက်နေ့တွင် မိဘများထံ ပြန်လည်အပ်နှံနိုင်ခဲ့ပါသည်။

သိန္နီမြို့နယ်မှ နန်းအေးနွံ (၂၀နှစ်)အား နန်းအေးပွန့် (၁၈နှစ်)က တရုတ်နိုင်ငံတွင် အလုပ်ရှာပေးမည်ဟု လှည့်ဖြားခေါ်ဆောင်သွားပြီး တရုတ်နိုင်ငံ ကိန်းမခရိုင် မိန်းတင် မြို့နယ်တွင် အဓမ္မလက်ထပ်ရန် ထိန်းချုပ်ထားခဲ့ရာ မူဆယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့က တရုတ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဖော်ထုတ်ပြီး နန်းအေးနွံအား ကယ်တင်နိုင်ခဲ့ကာ ၂၅-၆-၂၀၀၆ ရက်နေ့တွင် မိဘများထံ ပြန်လည်အပ်နှံနိုင်ခဲ့ပါသည်။

မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်းအရ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လေ့လာသိရှိခဲ့ရပါသည်။ ဗီယက်နမ်နိုင်ငံမှ တရုတ်ပြည်သို့ လူမှောင်ခိုကူးမှုအရေအတွက်သည် ၂၀၀၅ ခုနှစ်၌ ယခင်နှစ်ကထက် နှစ်ဆခန့် မြင့်တက်လာကြောင်း၊ နယ်စပ်ကိုဖြတ်ကျော်ပြီး တရုတ်နိုင်ငံ ကွမ်စီးပြည်နယ်အတွင်းသို့ လူမှောင်ခိုကုန်ကူးမှု ၁၂၅မှုကို ပူးပေါင်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် ဇူလိုင်လအတွင်း လူမှောင်ခိုကူးခံရသူ ၁၀၀ကျော်ကို ကယ်တင်နိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်တွင် ကူးသန်းသွားလာဆက်ဆံမှုများ များပြားလာသည်နှင့်အမျှ လူမှောင်ခိုကုန်ကူးမှုလည်း ပိုများလာကြောင်း၊ လူကုန်ကူးခံရသည့် ဗီယက်နမ်အမျိုးသမီးအများစုမှာ ဆယ်ကျော်သက်များဖြစ်ပြီး ကျေးရွာသူများဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံစားသောက်ဆိုင်များနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ကောင်းကောင်းရမည်ဟု လိမ်ညာ

အထက်ဖော်ပြပါ အမျိုးသမီးများအနက်မှ အချို့သည် ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံ တောင်ပိုင်းမြို့များရှိ ပြည့်တန်ဆာခန်းများအထိ ပို့ဆောင်ခြင်းခံရပြီး ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်းခံခဲ့ရပါသည်။ ၎င်းအမျိုးသမီး ၃၈ဦးအား မလေးရှားရဲတပ်ဖွဲ့က ကယ်တင်ပြီး မြန်မာသံရုံးမှတစ်ဆင့် ပြန်လည်လွှဲအပ်ခဲ့ပါသည်။ ၎င်းတို့အား ပို့ဆောင်သူ လူပွဲစားပြည်တွင်းတရားခံငါးဦးနှင့် ပြည်ပတရားခံ ၁၉ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

ယင်းကဲ့သို့ လူမှောင်ခိုကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်ကစီမံကိန်းကြီးများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိကြောင်း အားလုံးအသိပင် ဖြစ်ပါသည်။

၁၉၈၉ခုနှစ်မှစတင်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းသို့ စတင်ဆောင်ရွက်သည်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ်၅၃၄၁၈ ဒသမ ၃၄သန်း၊ အခြားဝန်ကြီးဌာန အသီးသီး၏ ရန်ပုံငွေမှ ငွေကျပ် ၃၁၃၃၄ ဒသမ ၉၉သန်း စုစုပေါင်းငွေကျပ် ၈၄၇၅၃ ဒသမ ၃၃သန်း အကုန်အကျခံသုံးစွဲပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးလျက် ရှိပါသည်။

ယခုအခါ ဒေသခံတိုင်းရင်းသားပြည်သူများသည် စားနပ်ရိက္ခာ ဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှု ပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်နေပြီ ဖြစ်ပါသည်။

နယ်စပ်ဒေသတွင်နေထိုင်သော ချို့တဲ့သူ (Vulnerable Person)များ လူကုန်ကူးမှုမခံရရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ဦးဆောင်ကြီးကြပ်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၄ကျောင်းတို့ကို ဖွင့်လှစ်ကာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေး။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာသည့် အခါတွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသကြီး ၂၄ခုစီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ရင်း ပြည်သူများ ပြန့်ကြဲနေထိုင်ကြသော ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကိုလည်း တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၁၉၉၇-၉၈မှ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၉၆၂ ဒသမ ၀၉၃သန်း ခွင့်ပြုခဲ့ပြီး ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေး၊ ကျေးလက်နေ သားသမီးများ၏ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်ရေး၊ ကျေးလက်ဒေသ ရေရရှိရေး၊ ကျေးလက်စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြှင့်တင်ရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေးစသည်တို့ကို ဦးစားပေးလုပ်ငန်းများ သတ်မှတ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။

နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို မြှင့်တင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၂ခုနှစ်မှစပြီး အုပ်ချုပ်မှု အလှမ်းကွာအားနည်းသော နယ်စပ်ဒေသများတွင် မြို့နယ်ခွဲများ ဖွဲ့စည်းထူထောင်၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ မြို့နယ်ခွဲပေါင်း၆၀ ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။

နယ်စပ်ဒေသတွင်နေထိုင်သော ချို့တဲ့သူ(Vulnerable Person)များ လူကုန်ကူးမှုမခံရရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက ဦးဆောင်ကြီးကြပ်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၄ ကျောင်းတို့ကို ဖွင့်လှစ်ကာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ **နယ်စပ်ဒေသလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ လူငယ်သင်တန်းကျောင်းများမှ တိုင်းရင်းသားလူငယ် ၂၅၇၈ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိပြီး အမျိုးသမီးငယ် ၁၇၈၈၃ဦးအား အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးနိုင်**ခဲ့ပြီး ဖြစ်ပါသည်။ **ပညာရေးအနေဖြင့် နယ်စပ်ဒေသများ၌ အထက်တန်းကျောင်း ၉၂ကျောင်း၊ အလယ်တန်းကျောင်း ၉၀နှင့် မူလတန်းကျောင်း ၈၅၂ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုအခါ နယ်စပ်ဒေသမှ တိုင်းရင်းသား ကျောင်းသူကျောင်းသား ၁၇၀၉၂၀ တက်ရောက် ပညာသင်ကြားနေကြပြီ** ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကလည်း ဒေသအလိုက် အမျိုးသမီးနှင့်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်နှင့် မန္တလေးတွင် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန နှစ်ခု၊ ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံနှင့်မြိတ်တွင် အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း လေးကျောင်း၊ ရန်ကုန်နှင့်မန္တလေးတွင် အမျိုးသမီးကလေးသင်တန်းကျောင်း နှစ်ကျောင်း၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် လားရှိုးတွင် လူငယ်သင်တန်းကျောင်းခြောက်ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း **မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာစာချုပ်များ၏ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေရှိသော ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း(National Plan of Action) ချမှတ်အကောင်အထည်ဖော်ခြင်း၊ လူကုန်ကူးသူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဖမ်းဆီးပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ခြင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လူငယ်လေ့ကျင့်ရေးကျောင်းများနှင့် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ အသက်မွေးဝမ်းကျောင်း ကျောင်းများထူထောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး၂၄ခု စီမံကိန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော်ခြင်း၊ မြို့နယ်ခွဲများ ထူထောင်ခြင်း စသည့် များပြားလှသော လုပ်ငန်းရပ်များကို မိမိနိုင်ငံ၏ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် ဘက်စုံကြိုးပမ်းအားထုတ် စွမ်းဆောင်လျက်ရှိ**နေသည်ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

● *ကျောဖုံးမှ*

အသင်းကြီးအနေဖြင့် အမျိုးသားရေးအင်အားစုကြီးအဖြစ်အစဉ်ရပ်တည် နယ်မြေဒေသအသီးသီး၏ အကျိုးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ပြည်သူများ လိုလားတောင့်တနေကြသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံကိုချစ်သည့် နိုင်ငံသားအားလုံးသည် ယင်းရည်မှန်းချက်ပန်းတိုင်ကို ရောက်လို၊ မြင်လို၊ ဖြစ်လိုကြသူများဖြစ်ကြောင်း၊ ခေတ်ဟောင်း စနစ်ဟောင်းကနေ ခေတ်သစ် စနစ်သစ်ကို ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်လိုမှု၊ ဖြစ်ချင်မှုဆန္ဒ အလိုကို လိုက်ပြီး၊ စိတ်ကူးယဉ်ခြင်းမဟုတ်ဘဲ နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေအရ အကြောင်းနှင့်အကျိုး ဆင်ခြင်သုံးသပ်ပြီး မှန်ကန်သည့်မှု၊ လက်တွေ့ကျသည့် လမ်းစဉ်၊ စေတနာပါသည့်အကောင်အထည်ဖော်မှုတွေနှင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ပြည်သူများ လိုလားမျှော်လင့်နေကြသည့် တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ တိုးတက်ရရှိနေပြီဖြစ်ကြောင်း။

စည်းရုံးရေးစွမ်းအား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်ရန် ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်၊ လူရွယ်များကိုအခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများထဲက ပြည်သူတွေဖြစ်ကြသည့် အသင်းဝင်များသည် အသင်းကြီး၏ စည်းလုံးညီညွတ်သည့်အားနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရုံသာမကဘဲ လူထုတစ်ရပ်လုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးစွမ်းအားနှင့် အထောက်အကူ ပြုသွားကြရမှာ ဖြစ်ကြောင်း။

အသင်းကြီးကို ၁၉၉၃ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်၍ ၁၂နှစ်ကျော် သက်တမ်းကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ အသင်းကြီးစတင်ဖွဲ့စည်းခဲ့သည့် အချိန်ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို ကြွေးကြော်ပြီး အာဏာကိုဖြတ်လမ်းက ရယူလိုသည့် လူပုဂ္ဂိုလ်များနှင့် ပါတီအဖွဲ့အစည်းအချို့၏ ဖန်တီးမှုကြောင့် ပေါ်ပေါက်လာခဲ့သည့် စည်းကမ်းမဲ့၊ ဥပဒေမဲ့၊ မင်းမဲ့စရိုက်တွေကြောင့် ပျက်ပြားခဲ့ရသည့် တည်ငြိမ်အေးချမ်းမှုနှင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင် တည်ဆောက်နေချိန် ဖြစ်သည်ဆိုသည်ကို တွေ့ရမှာဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူထုတစ်ရပ်လုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာရန် ရှင်းလင်းလှုံ့ဆော်စည်းရုံးရေးသည် နိုင်ငံ၏ပကတိဖြစ်ပေါ်နေမှု အခြေအနေအရ အမှန်တကယ်လိုအပ်ချက်ဖြစ်လာခဲ့ကြောင်း၊ ဤသမိုင်းရေးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် အသင်းကြီး၏အခန်းကဏ္ဍကို သိရှိနားလည်ပြီး တန်ဖိုးထားကြရမှာဖြစ်ကြောင်း၊ အသင်းကြီး၏ မွန်မြတ်သည့်ရည်ရွယ်ချက်များ သဘောထားအမြင်များ၊ ဖွဲ့စည်းမှုအပိုင်းများ နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆက်စပ်နေသည့် သမိုင်းကြောင်းအခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို မှန်မှန်ကန်ကန် ဆက်စပ်ရှုမြင်သုံးသပ်ပြီး အသင်းကြီး၏ သမိုင်းရေးလိုအပ်ချက်ကို ပိုမိုသိမြင်နားလည်ခံယူကြရမှာဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

အသင်းဝင်များ၏ စုစည်းညီညွတ်သည့်အားကိုရရှိစေရန် စတင်ဖွဲ့စည်းသည့်အချိန်ကစပြီး စနစ်တကျ ဖွဲ့စည်းမှုနှင့် စီမံမှုများကိုပြုလုပ်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒေသအသီးသီးမှာရှိနေကြသည့် အသင်းဝင်များအနေဖြင့် အသင်းကြီးကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသအသီးသီး၌ အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် အမျိုးသားရေး အင်အားစုကြီးအဖြစ် အစဉ်ရပ်တည်ပြီး နယ်မြေဒေသအသီးသီး၏ အကျိုးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အသင်းကြီး၏မှန်ကန်သည့်မူနှင့် လမ်းစဉ်များအပေါ်အခြေပြုပြီး ဒေသအသီးသီး၊ နယ်ပယ်အသီးသီးတွင် အကျိုးဖြစ်ထွန်းစေသည့် လက်တွေ့ဆောင်ရွက်နိုင်မှုများကြောင့် အသင်းကြီးအပေါ် ယုံကြည်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ တိုးတက်များပြားလာသည့် အသင်းဝင်များအနေဖြင့် မိမိတို့၏နယ်မြေဒေသအကျိုး ပိုမိုသယ်ပိုး ဆောင်ရွက်နိုင်ရန်အတွက် ထိုက်သင့်သည့်အရည်အချင်းများ ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အချင်းများ ပိုမိုတိုးတက်စေရန်လေ့ကျင့်မှုများကို ဗဟိုနှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်များတွင်ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ မြင့်မားတိုးတက်လာသည်နှင့်အမျှ အသင်းဝင်များဖြင့် ဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်အနေဖြင့်လည်း မိမိတို့နယ်မြေ၏ အကျိုးကို ပိုမိုထိရောက်စွာပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ အသင်းဝင်တိုင်း မိမိတို့၏ အရည်အချင်းများ တိုးတက်စေရန် အမြဲသင်ယူလေ့လာနေကြရမှာဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်း မြင့်မားလာသည်နှင့်အမျှ အသင်းဝင်များ၏ စုပေါင်းဆောင်ရွက်မှုစွမ်းအားလည်း မြင့်မားလာမှာဖြစ်ပြီး နယ်မြေအကျိုးကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ဆက်စပ်အသုံးပြု

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေးခေါင်းဆောင်မှုသဘောနှင့် နာခံခြင်းအလေ့အကျင့်ကောင်း၊ မှန်ကန်သော ဦးဆောင်မှုကိုခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ်တည်ဆောက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်များအပြင် လက်ရှိပေါ်ပေါက်နေသော ပြဿနာများအပေါ် ရှင်းလင်းအဖြေရှာရေးအတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် လက်တွေ့နယ်ပယ်မှာ ဆက်စပ်အသုံးပြုနိုင်မည်ဟု ယုံကြည်ကြောင်း။

သင်တန်းတက်ရောက်လာကြသူများသည် အသင်းဆင့်ဆင့်တွင် ဦးဆောင်ဦးရွက်ပြုနေကြသူများ ဖြစ်ကြကြောင်း၊ အသင်းကြီး၏ စုစည်းညီညွတ်သည့်အားကို ရယူနိုင်ရန် အသင်းအဆင့်ဆင့်၏ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်းအလေ့အကျင့်ကောင်းများကို ခံယူကျင့်သုံးရင်း အသင်းဝင်များကို နားလည်သဘောပေါက်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ မှန်ကန်သည့် ဦးဆောင်မှုကိုခံယူကျင့်သုံးခြင်းဖြင့် အတွေးအခေါ် ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာညီညွတ်မှုနှင့် အလုပ်ညီညွတ်မှုရရှိပြီး ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

မှန်ကန်သည့်မူဝါဒ

နိုင်ငံတော်သစ် ထူထောင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရန်လိုကြောင်း၊ အခြေခံအုတ်မြစ်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်မှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများ တိုးတက်ရရှိလာရန်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ မှန်ကန်သည့် မူဝါဒလမ်းစဉ်အပေါ် အခြေခံပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုသုံးရပ် စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ယခင်နှင့်မတူအောင် တည်ငြိမ်အေးချမ်းလျက်ရှိနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိနေသည့်အတွက် တိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း၊ မြို့ပြကျေးလက်နှင့် နယ်စပ်ဒေသ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှုများကြောင့် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများ ရနေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့်လည်း ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ရန် နှစ်စဉ် ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အကျိုးပြုလုပ်ငန်းတိုင်းကို ရှေ့လုပ်ငန်းစဉ်များဖြင့် ဆက်စပ်ရှင်းလင်း ပြသနိုင်ရမှာဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထုအနေဖြင့် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအပေါ် လက်တွေ့အကျိုးခံစားရမှုများနှင့် ဆက်စပ်သိရှိပြီး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုရရှိစေနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေ ပြည်သူများဖြစ်ကြောင်း၊ ကျေးလက်ဒေသသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်အပြင် ကျေးလက် မီးလင်းရေး၊ စာကြည့်တိုက်ထူထောင်ရေးတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးအတွက်လည်း အဓိကကျသည့်လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး မြင့်မားတိုးတက်စေသည့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကာလကစပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် ဥမကွဲသိုက်မပျက် နေထိုင်ခဲ့ကြသော သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံကြီးဖြစ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းခံခဲ့သည့်အတွက် မြန်မာနိုင်ငံတော်၊ မြန်မာလူမျိုးဟု ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့သမိုင်းသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိသူများ၏ သမိုင်းသာဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးအတွက် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံပြီး စိတ်ကောင်း၊ စေတနာမှန်နှင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုသည် အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေ့ရှုနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နယ်မြေလူထုနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ယှဉ်တွဲအားပြိုင်မှု

နိုင်ငံတော်၏ပကတိဖြစ်ပေါ်တိုးတက်မှုများ စဉ်ဆက်မပြတ်ကြိုးပမ်းအကောင်အထည်ဖော်မှုများနှင့် အလားအလာကောင်းများကို ပြည်သူထဲက ပြည်သူတွေဖြစ်သည့် အသင်းဝင်များကိုယ်တိုင် သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် အခြေခံကောင်းများလည်း တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ တည်ဆောက်မှုရှိလျှင် ဖျက်ဆီးမှုလည်းရှိမည်ဆိုသည့် နိယာမသဘောကိုလည်း အမြဲသတိပြု ဆင်ခြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်ဆီးတတ်သည့် သဘော သဘာဝနှင့် အန္တရာယ်ကို သိရမှာ ဖြစ်ကြောင်း၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းစသည့် ဆန့်ကျင်ဘက်များ၏ ယှဉ်တွဲအားပြိုင်မှုသဘာဝကို အလေးထားရမှာဖြစ်ကြောင်း။

ပြည်တွင်းပြည်ပမှအဖွဲ့အစည်းအချို့က ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး ပြောဆိုလုပ်ဆောင်မှုများ၊ ဖြစ်စဉ်များအပေါ် ချဲ့ကားပြောဆိုမှုများ၊ အတ္တစိတ်နှင့် လိုရာဆွဲပြီး ပြောဆိုမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမဲ့သည့် အဖျက်လုပ်ရပ်တွေဖြစ်သည့်အတွက် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်မှုများကို နှောင့်နှေးစေသည့် အခြေအနေများကိုသာ ဖြစ်ပေါ်စေမှာ ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပက အဖွဲ့အစည်းအချို့၏ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး လုပ်ကြံသတင်းများ၊ မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ အတ္တစိတ်လွန်ကဲပြီး လိုရာဆွဲပြောဆိုမှုများ၊ စည်းလုံးမှုနှင့် တည်ငြိမ်မှုပျက်ပြားအောင် အခါပေးလှုံ့ဆော်နေမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမဲ့သည့် အဖျက်လုပ်ရပ်များသာဖြစ်ကြောင်း။

ကြည်လင်စွာရှုမြင်

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို ဗန်းပြပြီး ၁၉၈၈ ခုနှစ်က နိုင်ငံသားအားလုံး ရင်ဆိုင်ခံစားခဲ့ကြရသည့် အနိဋ္ဌာရုံဖြစ်စဉ်များကို ဖုံးကွယ် ပြီး ထပ်မံဖြစ်ပွားလာအောင် ကြိုးပမ်းနေကြသည်ကိုလည်း သတိပြုရမှာဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နှင့် လက်ရှိကာလဟာ ဆယ်စုနှစ်တစ်ခု ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ခြားနားသည့်ကာလနှင့်အတူ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ဘဝနှင့်ဆန္ဒများ ပြောင်းလဲဖြစ်ပေါ်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်နှင့် မယှဉ်သာအောင် တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ပြောင်းလဲကျင့်သုံးလာသည့် ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် နိုင်ငံသားများက အချိုးအစားကြီးမားစွာ ပါဝင်လာပြီဖြစ်ကြောင်း၊ နိုင်ငံသားများပိုင်ဆိုင်သည့် စက်ရုံအလုပ်ရုံ၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ စသည့် စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်ဝန်းလုံးမှာ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏အားပေးပံ့ပိုး ကူညီဆောင်ရွက်မှုအရ ပုဂ္ဂလိကပိုင်ကဏ္ဍသည် ယခင်ပြီးခဲ့သည့် ဆယ်စုနှစ်နှင့်မတူဘဲ ကွာခြားတိုးတက်ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း၊ ပကတိဖြစ်ပေါ် တိုးတက်မှုတွေကို မျက်ကွယ်ပြုလို့ မရနိုင်ကြောင်း၊ ပကတိဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေကို စေတနာမှန်နှင့် ကြည်လင်စွာ ရှုမြင်နိုင်စွမ်းရှိရမှာဖြစ်ကြောင်း၊ အမြင်မှား၊ အတွေးမှားရင် လုပ်ကိုင်ဆောင်ရွက်မှုများသည်လည်း မှားနေမှာသာဖြစ်ကြောင်း။

ကာကွယ်တိုက်ဖျက်

တည်ငြိမ်အေးချမ်းမှုပျက်ပြားလျှင် အရှိန်ရနေပြီဖြစ်သည့် နိုင်ငံသားများကိုယ်တိုင် ကြိုးပမ်းတည်ထောင်ဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဆက်စပ်ပေါ်ပေါက်လာမှာဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်နေသည့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝလည်း ထိခိုက်လာမှာဖြစ်ကြောင်း၊ ခြုံငုံကြည့်လျှင် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို နှောင့်နှေးစေသည့် အခြေအနေများကိုသာ ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ ယင်းလုပ်ဆောင်မှုများအပေါ် အမှားနှင့်အမှန် ကွဲပြားအောင် သိရှိစေရန် ရှင်းလင်းအသိပေးရမှာဖြစ်သကဲ့သို့ ပကတိရရှိနေသည့် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း အသိပေးသွားရမှာဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် နယ်မြေလူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိကြသည့်အတွက် မှားယွင်းသည့် လုပ်ကြံသတင်းများကို ပြည်သူများ အမှန်အတိုင်းသိအောင် ရှင်းလင်းသွားကြရန်၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စေတနာမမှန်သည့်အဖျက်လုပ်ရပ်များကို ပြည်သူ့စွမ်းအား စည်းလုံးမှုအားဖြင့် ကာကွယ်တိုက်ဖျက်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **သင်တန်းက ပို့ချလိုက်သည့် အသိပညာ၊ အတတ်ပညာများကို ဘဝအတွေ့အကြုံဖြင့် ဆက်စပ်ပြီး လက်တွေ့နယ်ပယ်မှာ နယ်မြေလူထု၏အကျိုး ပိုမိုသယ်ပိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသားပြည်သူတွေအကြား ဒို့တာဝန်အရေးသုံးပါးကို ခံယူလိုစိတ်ဖြင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထွန်းကားနေအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **အသင်းကြီးကို နိုင်ငံတော်အကျိုး သယ်ပိုးသည့် အမျိုးသားရေးအင်အားစုအဖြစ် အစဉ်ရပ်တည်နိုင်ရေးအတွက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း အကျိုးပြုလုပ်ငန်းများကို တိုးတက်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးကိုခံယူ၊ ဦးတည်ချက်(၁၂)ရပ်အတိုင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်အတူဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားကြပါ**

ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၂) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၁၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်းသိရသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မအူပင်စက္ကူစက်ရုံစစ်ဆေး ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသနေမှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၄

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မအူပင်မြို့ ရေလဲကလေးကျေးရွာတွင် မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးအခမဲ့ကုသနေမှုကို ကြည့်ရှုအားပေးပြီး ဘိုးဘွားများအား မျက်မှန်များတပ်ဆင်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေလဲ-မအူပင်ကားလမ်းတစ်လျှောက် မိုးစပါးစိုက်ခင်းများနှင့် လမ်းပခုံး တာပေါင် ခြံစည်းရိုးကြက်ဆူစိုက်ခင်းများဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေ၊ လမ်းတံတားများ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် မအူပင်မြို့နယ် ပန်တပွတ်ကျေးရွာအနီး မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၏ မအူပင်စက္ကူစက်ရုံသို့ရောက်ရှိပြီး စက်ရုံတွင် ကုန်ကြမ်းဂုန်လျှော်ရိုးဖြတ်စက်တွင် ဂုန်လျှော်စည်းများပိုင်းဖြတ် သယ်ယူနေမှု၊ ဓာတုပစ္စည်းရောစပ် ပျော့ဖတ်ဖျော်စက်များအတွင်း ထည့်သွင်းလည်ပတ်၍ ပျော့ဖတ်ပြုလုပ်မှုအဆင့်ဆင့်၊ ကြိတ်စက်များလည်ပတ်၍ စက္ကူသားထုတ်လုပ်နေမှု၊ ထွက်ပေါ်လာသော အရည်အသွေးနှင့် ကုန်ချောစက္ကူများအား ဈေးကွက်တင်ပို့ရန် ဆောင်ရွက်ထားရှိမှုတို့ကို နေရာအလိုက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မြို့အဝင် ဧက ၄၀၀ မိုးစပါးစံပြစိုက်ခင်းနည်းပညာပေးစခန်းကိုကြည့်ရှုစစ်ဆေး၍ စိုက်ကွင်းအတွင်း စပါးမျိုးစေ့များ မျိုးရှင်ပြိုင်စမ်းသပ်ကွက်၊ ဆင်းသွယ်လတ်စပါးများစိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီးစပါးများအကြား ပေါင်းလိုက်တမန်းနှိုးခြင်းနှင့် ဓာတ်မြေဩဇာကြဲပက်ခြင်းဆောင်ရွက်နေမှု၊ လယ်ကန်သင်းပေါင် ရာသီ သီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆားမလောက်ကျေးရွာအနီး ပန်းလှိုင်ရေထိန်းတံခါးတာပေါင်တွင် ဒေသခံပြည်သူများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကျောင်းသုံးဗလာစာအုပ်ပေးအပ်

ယင်းနောက် တိုင်းမှူးသည် ညောင်တုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမတွင် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများအတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များအား မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ညောင်တုန်းမြို့တွင်းလမ်းများ သာယာလှပရေး အခြေအနေများကိုလည်းကောင်း၊ ညောင်တုန်း-တာကွေ့လမ်း တာပေါင်းတစ်လျှောက် ခြံစည်းရိုး ကြက်ဆူစိုက်ခင်းများဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ နန်းရှေ့ရပ်နေ ဒေါ်ခင်မြနှင့် ညီမများ(စိန်လွန်းရာကျော် ရက်ကန်းလုပ်ငန်း)မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို အလှူရှင်များကိုယ်စား တိ=နိ ရန်ကုန်ဌာနအမှုဆောင် ဒေါ်ခင်သန်းမြင့်က ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေထံသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နီနီစိန်က အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၄၈၀၀ ကို ပေးအပ်သည်။

ဟောပြော

ထို့နောက် စာရေးဆရာမကြီး ဒေါ်ကြူကြူသင်းက "မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယရဲမှူးအေးအေးမြင့်က "လူမှောင်ခိုနှင့် လူကုန်ကူးမှုအား တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၁၇)စီနေ ဗိုလ်မှူးချုပ်ကျော်ဝင်း (ငြိမ်း)၊ ဒေါ်ကြည်ကြည်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမက ကျောင်းများသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး စာသင်ခုံများပေးအပ်လှူဒါန်းကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် နံနက် ၇နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၅)ရပ်ကွက် ဓမ္မစေတီလမ်းရှိအခြေခံပညာ မူလတန်းကျောင်း အမှတ်(၈)သို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ အရှေ့ပိုင်းခရိုင်အသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊အသင်းဝင်များ၊မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ နှင့် တွေ့ဆုံကာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်းရှိအခြေခံပညာမူလတန်းကျောင်း အမှတ်(၈)သို့ စာသင်ခုံအစုံ ၃၀၊ အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁)သို့ စာသင်ခုံအစုံ ၅၀၊ အခြေခံပညာမူလတန်းကျောင်းအမှတ် (၁၃)သို့ စာသင်ခုံ အစုံ ၅၀ နှင့် အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)သို့ စာသင်ခုံ အစုံ ၅၀ စုစုပေါင်း စာသင်ခုံ အစုံ ၁၈၀ ကို ပေးအပ်လှူဒါန်းရာသက်ဆိုင်ရာကျောင်းအုပ် ဆရာ ဆရာမကြီးများက လက်ခံကြသည်။ **(အပေါ်ပုံ)**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ ၁၀၇၀ ကို ယနေ့အထိ လှူဒါန်းနိုင်ခဲ့ပြီး ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၄၀၉ ကျောင်းတို့သို့လည်း ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် သစ်တောရေးရာ ဝန်ကြီးဌာန တို့၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ သစ်တော သုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

သစ်တောသုတေသနဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဩဂုတ် ၄

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ သစ်တောသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Simmarthiri Appanah နှင့် သစ်တောသုတေသန ညွှန်ကြားရေးမှူး ဦးအုန်းဝင်းတို့က အမှာစကားပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ သုတေသနပညာရှင်များ၊ ပါမောက္ခချုပ်နှင့် အရာရှိများ၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့်အဆင့်မြင့်အရာရှိများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်အသင်း၊ FREDA, BENCA နှင့် CARE တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သုတေသနလုပ်ငန်းများ ရွေးချယ်လုပ်ဆောင်မှုနှင့် ရရှိလာသည့် အကျိုးကျေးဇူးများကို လက်ရှိသုံးစွဲနေသူများအား ဖြန့်ဝေပေးရေးအတွက် စာတမ်းခြောက်စောင်ကို ယနေ့မှ ဩဂုတ် ၅ ရက်အထိ နှစ်ရက်ကြာ တင်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းဖွင့်တံခွန်စိုက်ဆုဖလားအပ်နှံ

ရန်ကုန် ဩဂုတ် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ဆွတ်ခူးရရှိခဲ့သော တံခွန်စိုက်ဆုဖလားအား ဝန်ကြီးဌာနသို့ အပ်နှင်းသည့် အခမ်းအနားကိုဩဂုတ် ၃ရက်နံနက် ၁၀နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ အကြံပေး ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အောင်ပွဲရ ဘောလုံးအသင်းမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံး ဆပ်ကော်မတီ နာယက မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က တံခွန်စိုက်ဖလားဆုရ ဘောလုံးအသင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အပ်နှံ

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းထံ ဘောလုံး ဆပ်ကော်မတီ နာယက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးနီပေါက ဆင့်ပွားဖလားကို လည်းကောင်း အပ်နှံကြသည်။

(မြန်မာ့အလင်း)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းထံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဘောလုံးဆပ်ကော်မတီ နာယက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က တံခွန်စိုက်ဆုဖလားကို အပ်နှံစဉ်။ (မြန်မာ့အလင်း)

မလေးရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၀၆ခုနှစ်ခရစ်ကက်ကောင်စီဖလား ခရစ်ကက်ပြိုင်ပွဲ၌မြန်မာပါဝင်ယှဉ်ပြိုင်မည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၄

အာရှခရစ်ကက်ကောင်စီက ကြီးမှူး၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ်၁၂ရက်မှ ၂၇ရက်အထိ ကျင်းပမည့် ၂၀၀၆ခုနှစ် အာရှခရစ်ကက်ကောင်စီဖလား ခရစ်ကက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်မှ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ၌ ပထမဦးဆုံးပါဝင် ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံ ၁၇နိုင်ငံပါဝင် ဆင်နွှဲကြမည်ဖြစ်ပြီး အုပ်စုလေးစုခွဲ ယှဉ်ပြိုင်စေမည် ဖြစ်ရာ မြန်မာခရစ်ကက်လက်ရွေးစင်အသင်းသည် (ဂ)အုပ်စုတွင် ကူဝိတ်၊ ဟောင်ကောင်၊ ဘူတန်နှင့် နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်း ပါဝင်ပြီး (က)အုပ်စုတွင် ယူအေအီး၊ ဘရူနိုင်း၊ မလေးရှားနှင့် ဆော်ဒီအာရေဗျ၊ (ခ)အုပ်စုတွင် အိုမန်၊ မော်လဒိုက်၊ ဘာရိန်းနှင့် စင်ကာပူ၊ (ဃ) အုပ်စုတွင် ကာတာ၊ အာဖဂန်နစ္စတန်၊ အီရန်နှင့် ထိုင်းအသင်းတို့ ပါဝင်ကြသည်။ အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယရသည့်အသင်း နှစ်သင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာခရစ်ကက်အဖွဲ့တွင်အသင်းမန်နေဂျာအဖြစ် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်ကဆောင်ရွက်ပြီး အုပ်ချုပ်သူအဖြစ် နည်းပြအရာရှိ ဦးလှဦး (အား/ကာ)၊ နည်းပြဆရာအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အကြီးတန်းနည်းပြဆရာ မစ္စတာ Nazmul Abrdeen တို့က ဆောင်ရွက်ကြမည် ဖြစ်သည်။

ပါဝင်

ပါဝင်ယှဉ်ပြိုင်မည့် ခရစ်ကက်လက်ရွေးစင်များမှာ မိုက်ကယ်ကျော်မင်း(အသင်းခေါင်းဆောင်)၊ လှမျိုးကျော်၊ စိုင်းစိုင်းဝဏ္ဏ၊ ရဲမျိုးထွန်း၊ အေးမင်းသန်း၊ ဇင်မင်းဆွေ၊ တင်မောင်အေး၊ ကျော်ဝင်း၊ ကျော်ဇေယျ၊ စိုးဝင်း၊ ဇော်ဝင်း၊ စိုးမြင့်၊ မျိုးဝင်းနှင့်အေးမြင့်တို့ ပါဝင်သည်။

မြန်မာခရစ်ကက် လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် လိုက်ပါမည့် နည်းပြအရာရှိ ဦးလှဦး(အား/ကာ)နှင့် မြန်မာ့အလင်းအဖွဲ့ သွားရောက်တွေ့ဆုံပြီး ကြိုတင်ပြင်ဆင်မှု၊ လူရွေးချယ်မှုနှင့် လေ့ကျင့်ပုံများနှင့် ပတ်သက်၍ မေးမြန်းဖြစ်ခဲ့သည်။

ဦးလှဦးက "မိမိတို့ ၂၀၀၅-၂၀၀၆ခုနှစ် ခရစ်ကက်ရာသီ အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲများ ကျင်းပပြီး ၂၀၀၆ခု ဧပြီမှ စတင်၍ ခရစ်ကက်ပဏာမလက်ရွေးစင် ၃၀ ကို ရွေးချယ်လေ့ကျင့်ပေးခဲ့ကြောင်း၊ ဇွန် ၁ရက်တွင် အာရှခရစ်ကက်ကောင်စီမှ ပို့လွှတ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အကြီးတန်းနည်းပြဆရာ မစ္စတာ Nazmul Abedeen ဖြင့် စနစ်တကျလေ့ကျင့်စေပြီး ဇွန် ၁၅ရက်တွင် ပဏာမလက်ရွေးစင် ၃၀အနက်မှ ၁၈ဦး ရွေးချယ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်အနေဖြင့် ခရစ်ကက် အားကစားနည်း ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ မျိုးဆက်သစ်ခရစ်ကက်အားကစားသမားများ ပေါ်ထွန်းရေး ရည်ရွယ်ပြီး စက်တင်ဘာ ၁၅ရက်တွင် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အသက် ၁၅နှစ်အောက် ခရစ်ကက်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် အထက (၆)ဗိုလ်တထောင်၊ အထက(၁) လမ်းမတော်၊ အထက(၁) လသာ၊ အထက(၄)အလုံ၊ အထက(၂) ပန်းဘဲတန်းနှင့် အထက(၄) မင်္ဂလာတောင်ညွန့် တို့မှ ကျောင်းသား ၆၀ အား ဘင်္ဂလားဒေ့ရှ်နည်းပြဆရာဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ယခုသွားရောက် ယှဉ်ပြိုင်မည့် ပြိုင်ပွဲသည် မိမိတို့အတွက် နိုင်ငံတကာပြိုင်ပွဲပထမဦးဆုံးပြိုင်ပွဲဖြစ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်မြင့်မားပြီး ဇွဲရှိရှိဖြင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း"ရှင်းပြသွားသည်။ ။

(မြန်မာ့အလင်း)

တံခွန်စိုက်ဘတ်စကက်ဘောအမျိုးသားဗိုလ်လုပွဲ လယ်ယာ/ ဆည်မြောင်းနှင့် S.K.Y အသင်းနွှဲမည်

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ ဘတ်စကတ်ဘောအဖွဲ့ချုပ်နှင့် Calsome Nutlitious Cereal Drink တို့ ပူးပေါင်းကျင်းပသည့် အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ အမျိုးသားပထမ အကြိုဗိုလ်လုပွဲတွင် ယမန်နှစ်ချန်ပီယံ လယ်ယာ/ဆည်မြောင်းအသင်းသည် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ၇၁မှတ်-၆၆မှတ် ငါးမှတ်အသာဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒုတိယအကြိုဗိုလ်လုပွဲတွင် ယခုနှစ်မှ လူငယ်များဖြင့် ဖွဲ့စည်းပြီးပါဝင်ယှဉ်ပြိုင်သည့် S.K.Y အသင်းက Shadow အသင်းကို ၉၅မှတ်-၅၄မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုပွဲများကို ယနေ့ နံနက် ၉နာရီတွင် စတင်ကျင်းပမည် ဖြစ်သည်။

ဩဂုတ် ၅ ရက်

(ယနေ့)ဗိုလ်လုပွဲ

အမျိုးသားတတိယလုပွဲ

ကာကွယ်ရေးနှင့် Shadow

အမျိုးသမီးဗိုလ်လုပွဲ

လယ်ယာ/ဆည်မြောင်းနှင့်ပြည်ထဲရေး

အမျိုးသားဗိုလ်လုပွဲ

လယ်ယာ/ဆည်မြောင်းနှင့် S.K.Y။

(မြန်မာ့အလင်း)

မုန်တိုင်းငယ် ဩရိဿကမ်းခြေဖြတ်ကျော်

ရန်ကုန် ဩဂုတ် ၄

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၀၆ခုနှစ် ခရစ်ကက်ကောင်စီဖလား ပါဝင်ယှဉ်ပြိုင်မည့် မြန်မာခရစ်ကက်လက်ရွေးစင်အသင်းအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့်အတူ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ဤသို့တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

မာတာရာဇီအား အင်တာမီလန် လေးနှစ်စာချုပ် ဇီဒန်း၏ ကစားဖော် ဗီယာရာနှင့် တစ်သင်းတည်းဖြစ်လာ

ကမ္ဘာတစ်လွှား အားကစား

အသင်းသားချင်းလေးစားမှုကင်းမဲ့သူ မော်ရင်ဟိုနှင့် လမ်းခွဲရဖွယ်ရှိ

မီလန် ဩဂုတ် ၄

ကမ္ဘာ့ဖလားအနိုင်ရဗိုလ်စွဲခဲ့သော အီတလီနောက်တန်းကစားသမား မာတာရာဇီသည် အင်တာမီလန်အသင်းနှင့် လေးနှစ်စာချုပ်လိုက်ပြီဖြစ်သည်။

အင်တာမီလန်အသင်းမှ လေးနှစ်စာချုပ်လိုက်သော မာတာရာဇီ။

၎င်းသည် ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ ပြင်သစ်နှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဇီဒန်း၏ ခေါင်းဖြင့် အတိုက်ခံရသဖြင့် ဇီဒန်းအား အနီကတ်ဖြင့် ထွက်သွားစေခဲ့သူဖြစ်သည်။

ကစားဖော်ဖြစ်လာ

သို့ရာတွင် အသက် ၃၂ နှစ်ရှိ အဲဗာတန် ကစားသမားဟောင်း မာတာရာဇီသည် ပူပူနွေးနွေးစာချုပ်လိုက်သော ပြင်သစ်ကွင်းလယ်ကစားသမား ပက်ထရစ် ဗီယာရာနှင့် တစ်သင်းတည်းသား ကစားဖော်များ ဖြစ်လာကြသည်။

ဇီဒန်းနှင့်မာတာရာဇီတို့ ကမ္ဘာ့ဖလားတွင်ဖြစ်ခဲ့သော ကိစ္စနှင့် ပတ်သက်ပြီး ဘာပြဿနာမှ မရှိပါကြောင်း ဂျူဗင်းတပ်စ် အသင်းမှ ပြောင်းလာသော ဗီယာရာက ပြောကြားသည်။

အီတလီမှာဇီဒန်းအကြောင်းထက် အီတလီအသင်း ကမ္ဘာ့ဖလား အနိုင်ရတဲ့အကြောင်း ပိုပြောကြရန် လိုလိမ့်မည်ဖြစ်ကြောင်းလည်း ဗီယာရာက မှဒိတာစကားဆိုသည်။

ဖီဖာကဇီဒန်းအားအီတလီအသင်းနှင့် ယှဉ်ပြိုင်ရာတွင် မာတာရာဇီနှင့်ဖြစ်ပျက်ခဲ့သော အမှုကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတကာပွဲ သုံးပွဲပိတ်ပင်သည့်အပြင် ဒဏ်ငွေပေါင် ၃၂၆၀ ကိုပါ ဒဏ်ရိုက်လိုက်သည်။ သို့ရာတွင် ဇီဒန်းသည် ကမ္ဘာ့ဖလားပွဲ ပြီးနောက် နိုင်ငံတကာပြိုင်ပွဲ လက်ရွေးစင်အဖြစ်မှ အနားယူခဲ့ပြီဖြစ်သည်။

ပွဲပိတ်ပင်

မာတာရာဇီကိုလည်း ဖီဖာက နိုင်ငံတကာပွဲ နှစ်ပွဲပိတ်ပင်သည့်အပြင် ဒဏ်ငွေ ပေါင် ၂၁၇၀ ကိုပါ ဒဏ်ရိုက်လိုက်သည်။ **(အင်တာနက်)**

ရေးသားတင်ပြသူ **မြင့်မောင်စိုး**

မျက်မှန်တပ်ကစားသည့် အဂ္ဂါဒေးဗစ် တော့တင်ဟမ်၌ တစ်နှစ်ဆက်ကစားမည်

လန်ဒန် ဩဂုတ် ၄

တော့တင်ဟမ်ကွင်းလယ်ကစားသမားအဂ္ဂါဒေးဗစ်က နောက်ထပ်စာချုပ် တစ်နှစ်ထပ်မံတိုးပေးရန် ပြောကြားခဲ့ခြင်းအပေါ် တော့တင်ဟမ်အသင်းက လက်ခံလိုက်ပြီဖြစ်သည်။

အသက် ၃၃နှစ်ရှိ အဂ္ဂါဒေးဗစ်အား တော့တင်ဟမ်အသင်းက တစ်နှစ်ထပ်မံ စာချုပ်တိုးလိုက်ပြီ ဖြစ်သည်။ သို့ရာတွင် ၎င်းအား အေဂျက်ဇ်အသင်းက စိတ်ဝင်စားနေသည်ဟုဆိုသည်။

တော့တင်ဟမ်ဟော့စပါးစ်အသင်းဘော့စ်မာတင်ဂျိုးလ်က နယ်သာလန်ကစားသမားအဂ္ဂါဒေးဗစ်၏အိမ်ပြန်ခွင့်အခွင့်အလမ်းကို ပယ်ချလိုက်ပြီဖြစ်ကြောင်းလည်း အတည်ပြု ပြောကြားသည်။

"အေဂျက်ဇ်က သူ့ကို လိုချင်နေတယ်၊ ဒါပေမယ့် သူကဒီမှာပဲ ဆက်နေချင်နေတယ်၊ ဒီမှာ ဘာပြဿနာမှ မရှိပါဘူး"ဟူ၍ နည်းပြ ဂျိုးလ်က ပြောကြားသည်။

တစ်ကျော့ပြန်ကွင်းလယ်ကစားသမားကြီးအဂ္ဂါဒေးဗစ်ဟာ ကျွန်တော်တို့ အသင်း၏ အဓိကမဏ္ဍိုင်ကစားသမားအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ဂျိုးလ်က ပြောကြားသည်။ **(အင်တာနက်)**

စပါးအသင်း၏ကွင်းလယ်တွင် ဆက်လက်ရှိနေမည့် အဂ္ဂါဒေးဗစ်။

မော်ရင်ဟိုနှင့် အဆင်မပြေဖြစ်နေသော ဝီလျံဂါးလက်စ်။

လန်ဒန် ဩဂုတ် ၄

ပြင်သစ်နောက်တန်းကစားသမား ဝီလျံဂါးလက်စ်၏ အနာဂတ်နှင့်ပတ်သက်ပြီး လာမည့်သီတင်းပတ်တွင် ချယ်လ်ဆီးအသင်းနှင့် ဆွေးနွေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဝီလျံဂါးလက်စ်၏ အေးဂျင့်က ပြောကြားသည်။

ထွက်ခွာလို

အသက် ၂၈ နှစ်ရှိ ဝီလျံဂါးလက်စ်က ချယ်လ်ဆီးအသင်းမှ ထွက်ခွာလိုကြောင်း မေလကပြောကြားခဲ့သည်။ နည်းပြ မော်ရင်ဟို၏ ဝေဖန်ပြစ်တင်မှုကြောင့် ရာသီအကြို အမေရိကန်ခရီးစဉ်မှာလည်း မအောင်မမြင် ဖြစ်ခဲ့ရသည်ဟု ၎င်းကပြောကြားသည်။

ဂါးလက်စ်သည် ကမ္ဘာ့ဖလားပြီးနောက် လော့စ်အိန်ဂျလိစ်ရောက် ချယ်လ်ဆီးအသင်းသို့ လာရောက်သတင်းပို့ရန် ပျက်ကွက်ခဲ့သဖြင့် ကစားဖော်များအပေါ် လေးစားမှုကင်းမဲ့ကြောင်း မော်ရင်ဟိုက ပြစ်တင်လိုက်သည်။

လွှဲပေး

ဂါးလက်စ်၏ ကျောနံပါတ် ၁၃ အင်္ကျီကိုလည်း ကမ္ဘာ့ဖလားမတိုင်မီ ဘိုင်ယန်မြူးနစ်မှ ခေါ်ယူခဲ့သော မိုက်ကယ်ဘောလက်အား လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

မိမိတို့အသင်းသည်မိသားစုသဖွယ် စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ထားသောအသင်း ဖြစ်ကြောင်း၊ အသင်းသားအချင်းချင်း အပြန်အလှန်လေးစားကြကြောင်း၊ ယခုဂါးလက်စ်မှာ အသင်းသားချင်း လေးစားမှုကင်းမဲ့နေကြောင်း မော်ရင်ဟိုက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ – **မောင်မောင်မြင့်ဆွေ**

ကမ္ဘာ့ဘောလုံးသတင်းနှင့် နောက်ဆုံးအဖြစ်အပျက်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

တိုမက်

ဂိုးသမားတိုမက်ကိုခေါ်ယူရန် မန်ယူကမ်းလှမ်းမှု ဝက်ဘရွန်းငြင်းဆို

ဝက်ဘရွန်းဂိုးသမား တိုမက်အား မန်ယူသို့ ပြောင်းရွှေ့ရေး ပေါင် ၂ ဒသမ ၅ သန်းပေးမည်ဟု ကမ်းလှမ်းချက်ကို ဝက်ဘရွန်းက ပယ်ချလိုက်သည်။ တိုမက်ကို မိမိတို့ရောင်းချရန် စိတ်ကူးမရှိကြောင်းလည်း ပြောကြားလိုက်သည်။

စိတ်မဝင်စား

မန်ယူတို့ပေးသော ဈေးကို မိမိတို့ စိတ်မဝင်စားကြောင်း၊ တိုမက်အနေဖြင့်လည်း မန်ယူသို့ ပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း၊ တိုမက် မန်ယူသို့ ပြောင်းရွှေ့ရေးမှာ ဖြစ်နိုင်သော အကြောင်းအရာမဟုတ်ကြောင်း ဝက်ဘရွန်းကလပ်က ပြောကြားသည်။

မိမိတို့အသင်း အဆင့်မြင့်မားအောင် ကြိုးစားနေရချိန်တွင် အားထားရသော ဘောလုံးသမားများကို အသင်း၏ လူစာရင်းမှ မထုတ်ပစ်နိုင်ကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းသည် အသင်း၏တောင့်တင်းမှုကို ထိခိုက်စေကြောင်းလည်း ဝက်ဘရွန်းအသင်းဥက္ကဋ္ဌ ဂျေရီမီက ပြောကြားသည်။

မိမိတို့အနေဖြင့် အသက် ၂၄ နှစ်အရွယ် ပိုလန်ကစားသမားတိုမက်နှင့်အခြားကမ်းလှမ်းမှုအပေါ် မန်ယူ၏ကြိုးစားမှုများကို မိမိတို့ပယ်ချခဲ့ကြောင်း ဂျေရီမီစ်က ပြောကြားသည်။မန်ယူ၏ကမ်းလှမ်းမှုသည် တစ်ချိန်ချိန်တွင် ဖြစ်ကောင်းဖြစ်နိုင်မည်ဖြစ်သော်လည်း ယခုအချိန်တွင်မူ မိမိတို့ ရောင်းချမည်မဟုတ်ကြောင်း ဂျေရီမီစ်က ပြောကြားသည်။

ချယ်လ်ဆီးတရားမဝင်ချဉ်းကပ်ခဲ့မှုများကို လိဒ်ယူနိုက်တက်ကလပ်ပိုင်ရှင် ကင်ဘာတက်စ်ထုတ်ဖော်ပြောကြား

ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးသည် ဆယ်ကျော်သက် ကစားသမားသုံးဦးကို တရားမဝင်ချဉ်းကပ်မှုများ ပြုလုပ်ခဲ့သည်ဟု လိဒ်ယူနိုက်တက်ကလပ်ပိုင်ရှင် ကင်ဘာတက်စ်က စွပ်စွဲပြောကြားလိုက်သည်။

ချယ်လ်ဆီးကလပ်သည် ဆယ်ကျော်သက် ကစားသမားဖြစ်သော မိုက်ကယ်ဝုဒ်နှင့် တွမ်တေဝိုနှစ်ဦးအား တရားမဝင်စာချုပ်ချုပ်ဆိုခဲ့ပြီး နောက်ထပ်ကစားသမားတစ်ဦးဖြစ်သည့် ဒင်နီရို့ကိုမူ တရားမဝင် ချဉ်းကပ်ခဲ့သော်လည်း စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိကြောင်း ကင်ဘာတက်စ်က ပြောကြားသည်။

မထီမဲ့မြင်ပြု

ယခုကဲ့သို့ တရားမဝင်စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ခြင်းမှာ ပရီမီယာလိဂ် ဘောလုံးစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ မထီမဲ့မြင်ပြုခြင်းဖြစ်ကြောင်း ကင်ဘာတက်စ်က ပြောကြားသည်။

သို့သော် လိဒ်ယူနိုက်တက်ပိုင်ရှင် ဘာတက်စ်၏ စွပ်စွဲချက်များကိုမူ ချယ်လ်ဆီးကငြင်းဆိုထားသည်။ ထိုသို့ စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း၊ မိမိတို့



ကင်ဘာတက်စ်

အသင်းအား အပြစ်ဖို့ခြင်းဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားသည်။

ချယ်လ်ဆီးတို့ယခုကဲ့သို့ငြင်းသည်မှာ အစဉ်အလာဖြစ်နေကြောင်း၊ ပြီးခဲ့သည့် နှစ်ကလည်းမော်ရင်ဟိုက အာဆင်နယ်မှ အက်ရှ်လေကိုးအား ခေါ်ယူရန် တရားမဝင်တွေ့ဆုံ ချဉ်းကပ်ခဲ့မှုအပေါ် ငြင်းဆိုခဲ့ကြောင်း၊ နောက်ဆုံး၌ ဝန်ခံရကြောင်း၊ ချယ်လ်ဆီးတို့ ဒဏ်ငွေပေါင်သုံးသိန်း ပေးဆောင်ခဲ့ရသည့် သာဓကရှိကြောင်း ကင်ဘာတက်စ်က ပြောကြားသည်။

အင်ဒရူးစတပ်စ် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူနေ

အင်္ဂလန်ဘောလုံးအသင်း ချစ်ကြည်ရေးပွဲများကစားလျက်ရှိရာ လောလောဆယ်တွင် အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် အင်ဒရူးစတပ်စ်က တာဝန်ယူကစားလျက်ရှိသည်။ အင်္ဂလန်အသင်း ခြေစမ်းပွဲများ သုံးပွဲကစားရာတွင် အင်ဒရူးစတပ်စ် ခေါင်းဆောင်အဖြစ် တာဝန်ယူ ကစားလျက်ရှိပြီး သုံးပွဲစလုံး အနိုင်ရရှိလျက်ရှိသည်။

စိတ်လှုပ်ရှား

ဩဂုတ် ၃ရက်က အိုးထရက်ဖို့ဒ်ကွင်း၌ ပါကစ္စတန်အသင်းနှင့် ကစားရာတွင် အင်္ဂလန်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ကစားသည့်ပွဲတိုင်း မိမိစိတ်လှုပ်ရှားရကြောင်း၊ မိမိခေါင်းဆောင်အဖြစ် ကစားရသည့်ပွဲတိုင်း အနိုင်ရခြင်းဖြစ်ကြောင်း အင်ဒရူးစတပ်စ်က ပြောကြားသည်။ **(အင်တာနက်)**

အင်ဒရူးစတပ်စ်

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ဗဟိုလမ်း၊ (၂/ခ)ရပ်ကွက်၊ အမှတ် ၃၃၃ နေ
ဦးသန်းရွှေ-ဒေါ်တင်လှိုင်
တို့၏သား

မောင်သန့်ဇင် B.A (English)

နှင့်

အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ-ဒေါ်ခင်သောင်း
တို့၏သမီး

မအေးသီတာဆွေ Ph.D Candidate, (Microbiology)

တို့သည် ၄-၈-၂၀၀၆ရက်(သောကြာနေ့)တွင် နှစ်ဖက်သောမိဘ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်-မအေးသီတာဆွေ။

မေတ္တာဝါဒီဆရာတော်ကြီး၏(၂)နှစ်မြောက် မေတ္တာအခါတော်နေ့အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ရပ်ကွက် မာလာမြိုင် ၁၀လမ်း ထိပ်တွင်တည်ရှိသော မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ)ကျောင်းတိုက်ကြီး၏ ပဓာနနာယက ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ(မဟာဒွါရ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မေတ္တာဝါဒီ ဆရာတော်ကြီးက မေတ္တာ၅၂၈၊ ကရုဏာ၁၃၂၊ မုဒိတာ၁၃၂၊ ဥပေက္ခာ၁၃၂၊ ဗြဟ္မစိုရ်တရားအကျယ် ၉၂၄ပါးရှိသည်ကိုလည်းကောင်း၊ မေတ္တာသုတ္တန်လာ ကြောက်တတ်/မကြောက်တတ် စသည်ဖြင့် မေတ္တာတရား ၅၆၁ပါးရှိသည်ကိုလည်းကောင်း၊ ယနေ့ကမ္ဘာ့ပတ်ဂြိုဟ်တုတွင် www.myittawardiparahita.com ဖြင့် လွှင့်တင်ထားသော မဟာသမယတရားတော်တို့ကိုလည်းကောင်း ဟောဖော်ညွှန်ကြားပြသမည်ဖြစ်ရာ ဩဂုတ်၈ရက် မွန်းလွဲ၁နာရီတွင် မေတ္တာဝါဒီ ငါးထပ်မဏ္ဍပ်ရုံကြီးသို့ လောကီ၊ လောကုတ်နှစ်ဖြာအကျိုးကို လိုလားသူများ တရားနာယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

အငြိမ်းစား ဆရာ ဆရာမများ ကူညီစောင့်ရှောက်မှုအသင်း (မှဒုံ အထက-၁၊ ယခင် ရှင်အရဟံအထက်တန်းကျောင်း) အတွက် ဒေါက်တာသိန်းဇော်-ဒေါ်သန်းသန်းဝင်း (ကျောင်းသူဟောင်း)တို့က ငွေကျပ်နှစ်သိန်းကို ဩဂုတ်၁ရက်တွင် အဆိုပါကျောင်း၌လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးမန်းမြခိုင်က လက်ခံယူစဉ်။ (က-ပ)

အင်းစိန်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းနှင့် ဆရာ ဆရာမများ စုပေါင်း၍ အလှူငွေကျပ် ၁၁၉၀၀၀ကို မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှု အသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်တို့က လက်ခံယူစဉ်။ (က-ပ)

ဗိုလ်တထောင်စေတီတော်၌ တရားတော်များဟောကြားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံမဏ္ဍပ်ရုံကြီး၌ ဩဂုတ်၈ရက် (ဝါခေါင်လပြည့်နေ့) မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက်မှ ဘဒ္ဒန္တဉာဏိသရ(ဓမ္မာစရိယ)ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးဒေသ ဥသျှစ်ကုန်းရွာ ကန်သာကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တရေဝတကလည်းကောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ထောက်ကြန့် မင်္ဂလာဒုံမြို့နယ် နန္ဒဝန်လမ်း အမှတ်၉နေ နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးအေးကို-ဒေါ်ကြည်ကြည်ခိုင် မိသားစုတို့က ဆွမ်း၊ဆေးနှင့်အထွေထွေ ပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၄

လွန်ခဲ့သော၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖူရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၅ရက် ညနေအထိခန့်မှန်းချက်အရ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် မုတ်သုံလေ အားအသင့်အတင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မှူးယစ်ဆန့်ကျင်အောင်ပွဲဆင်

ဩဂုတ်၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၇)တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက အထွေထွေအုပ်ချုပ်ရေးဘာသာရပ်ကို သင်ကြားပို့ချစဉ်။ (သတင်းစဉ်)

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဇူလိုင် ၃၀ရက် နံနက်၉နာရီကကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်များဖြစ်ကြသည့် ဦးဟိန်းလတ်၊ ဦးမြတ်ခိုင်နှင့် ဦးဇန်ဇန်တို့ တက်ရောက်ကြပြီး ဦးဟိန်းလတ်နှင့် ဦးမြတ်ခိုင်တို့က အမှာစကားပြောကြားကြသည်။

ညီလာခံ ကိုယ်စားလှယ် မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် ဒုတိယဥက္ကဋ္ဌ ရှေ့ဆောင်ဦးတင်ဆွေတို့က ညီလာခံအတွေ့အကြုံ ရှင်းလင်းပြောကြားပြီး စေတနာရှင် ၁၇ဦးက အလှူငွေပေါင်း ကျပ်၂၃၈၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇ သမိုင်း၊ မြေကွက်အမှတ် ၄/C/L ၁၀၊ မြေဧရိယာအကျယ်အဝန်း ဝ.ဒသမ၁၁၂၊ စတုရန်းပေ ၄၈၇၈ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာ၊ အောင်ဇေယျလမ်း၊ အမှတ် ၉၄ဟု ခေါ်တွင်သည့် အထူးဂရန် လျှောက်ထားဆဲဖြစ်သည့် မြေကွက်နှင့်တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်မီမီခင် ၁၂/မရက(နိုင်)၁၀၁၀၀၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုများ မရှိပါက အရောင်းအဝယ် ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြင့်သန်း
တရားရုံးချုပ်ရှေ့နေ
၅၄၊ဗဟိုလမ်း/ခိုင်ရွှေဝါလမ်း၊ ကမာရွတ်မြို့နယ်၊
ဖုန်း-၀၉-၅၁-၅၇၇၅၁၊ ၀၉-၉၀-၄၁၇၂၅။



ငါးမျိုးများ သဘာဝရေပြင်တွင် မျိုးပွားနိုင်ရန် အုတ်တွင်းမြို့ ရေသိုးဆည်တွင် ငါးမျိုးစိုက်ထည့်

အုတ်တွင်း ဇူလိုင် ၃၁

ငါးမျိုးများသဘာဝရေပြင်တွင် မျိုးပွားနိုင်ရန် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ရေသိုးဆည်တွင် ကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်တို့တက်ရောက်၍ ငါးမျိုးစိုက်ထည့်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်မမှူးနှင့်တပ်ရင်းမှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ငါးမျိုးများစိုက်ထည့်ပေး

အခမ်းအနားတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကိုကို နှင့်ဇနီးထံသို့ ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးစောအောင်ရဲထွဋ်လွင်က ငါးမျိုးများလွှဲပြောင်းပေးအပ်ရာ တိုင်းမှူးနှင့်ဇနီးတို့က ငါးမျိုးများစိုက်ထည့်ပေးကြသည်။**(အပေါ်ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ တာဝန်ရှိသူများက တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးတင်ဝင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ငါးမြစ်ချင်း ငါးသန်ကောင်ရေနှစ်သိန်းကို ငါးမျိုးများစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(၃၁၆)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်
၆-၈-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၁၀ သုတစုံစွာသိမှတ်စရာ (လူကိုယ်ပွားမွေးမြူ၍ရပြီ- သိပ္ပံမှူးတင်)
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့မျိုးဆန်အကြောင်းဟောပြောချက်)
၁၁း၃၀ မေတို့တွက်တာ အလုကမ္ဘာ (ဒီဇိုင်းလှလှ ခေတ်မီစွာ ဖက်ရှင်ကျကျဝတ်ဆင်ပါ)
၁၁း၃၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရွက်စိမ်း
(၂) မေတ္တာဆိုတာခွင့်လွှတ်ခြင်း
(၃) ပျောက်ဆုံးသွားသည့် ချစ်ရက်များ
၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (သတိပြုရှောင်ရှား)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မေတ္တာရန်ထား ဒိုင်းအလား)
၁၃း၁၀ ယဉ်ကျေးမှု အနုပညာ (နိပါတ်ခင်း-ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၀၀ ဟဒယရွှင်ဆေး (လူရွှင်တော်မန်းကျော်နှင့်အဖွဲ့)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (အမျိုးသားရေးဇာတိသွေးကို တွန်းအားပေးသည့်ကျမ်းစာတစ်စောင်- ညွှန့်ဟံ-ကြူတော)
၁၇း၃၀ သူ့အလှည့် (ခင်မောင်ရင်)
၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၇း၄၅ အသံလွှင့်ဇာတ်လမ်း (လှသော ပို၍လှသော)
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မုန်းတဲ့အကြောင်းလေး ပြောပြပါ
(၂) တိမ်ဦးလေပြေ မောင့်ကိုစေ
(၃) ဖူးစာလမ်းဆုံ

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ဇူလိုင်၁၅ ရက်က ပြည်နယ် ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ထွန်းက ပျိုးထောင်မှုနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင်ဆိုင်းဘုတ်ရှေ့တွင် မြေခင်းပန်းအလှပြုပြင်ခြင်းနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းကို ဇူလိုင် ၂၉ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၉၈)

လက်ဖက်စိုက်ပျိုးပွဲတော် ဖလမ်း၌ကျင်းပ

ဖလမ်း ဇူလိုင် ၈

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် ဧက ၁၀၀၀ လက်ဖက်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက ရမ်ထလိုကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အမှာစကားပြောကြားရာတွင် ၂၀၀၆-၂၀၀၇ခုနှစ် လက်ဖက်စိုက်ပျိုးရာ၌ ဧက ၁၀၀၀ကို တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးရေး၊ ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ဖြင့် ဆောင်ရွက်ကြရေး၊ လက်ဖက်များကို စီးပွားဖြစ်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပြီး အောင်မြင်အောင် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

စိုက်ပျိုး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက စိုက်ပျိုးမည့် လက်ဖက်ပင်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းမောင်စည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတာလ်တင်မန်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချင်း၊ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကျော်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦး၊ ရမ်ထလိုကျေးရွာဥက္ကဋ္ဌ ဦးထန်လွယ်တို့အား ပေးအပ်ပြီး လက်ဖက်ပင်ပေါင်း ၆၂၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကို ဇူလိုင်၁၃ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော မြို့ရေပေးရေးလုပ်ငန်းကို စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသမီးများနေ့ သိကောင်းစရာများဟောပြော စာပေထူးချွန်ဆုရ ကျောင်းသူများဆုချီးမြှင့်

ညောင်ရွှေ ဇူလိုင် ၁၅

မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲကို ဇူလိုင် ၃ရက် နံနက် ၁၀နာရီက ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်က မြန်မာအမျိုးသမီးများနေ့သိကောင်းစရာအကြောင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးမှူးဒေါ်သန်းဌေးက မြန်မာအမျိုးသမီးများအကြောင်းကို လည်းကောင်း ဟောပြောပြီး အမျိုးသမီးစာပေ ထူးချွန်ဆုရကျောင်းသူများအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်က ဆုများပေးအပ်ချီးမြှင့်သည်။ (၀၂၇)

ဘုတလင်မြို့ အလကကျောင်းခွဲ တိုးချဲ့ဆောင်ပေးအပ်

ဘုတလင် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ တိုးချဲ့ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၀ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဆောင်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးတင်ထွန်းလင်းနှင့်မြို့နယ်ပညာရေးမှူး ဒေါ်လှဌေးတို့က အမှာစကားပြောကြားကြပြီး အလှူရှင်ဦးသန်းဝင်း၊ ဒေါ်ခင်မာကြူတို့က ကျပ်ငါးသိန်းတန် ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ် ပညာရေးမှူးအားလည်းကောင်း၊ ဦးမျိုးလွင်-ဒေါ်သီတာဦး မိသားစုက ပညာပဒေသာပင်ငွေကျပ် ၁၅၀၀၀ တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းညွှန့်ကြည်ထံလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းများတွင် အမှိုက်ကင်းမဲ့ဇုန်များ ဖြစ်ပေါ်လာစေရေးအတွက် ဇူလိုင် ၁၄ ရက်က အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဗန်းကျွမ်းနှင့် ဦးစီးအရာရှိ ဦးအောင်သန်းဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၈ ရက်က ဖြူးမြို့မြောက်ဘက် လမ်းဘေးဝဲယာတစ်လျှောက် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့၌ တံတားပြုပြင်

ဖားကန့် ဇူလိုင် ၁၆

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖားကန့်-လုံးခင်းလမ်းပေါ်ရှိ ဆွတ်ဂျတ်တံတားပြုပြင်ဆောင်ရွက်မှုလုပ်ငန်းကို ဇူလိုင်၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးအောင်သိန်းဝင်း ဦးဆောင်သော အင်ဂျင်နီယာအဖွဲ့ ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ACADEMY CHEMICAL GROUP
အကယ်ဒမီ (ကြွေချေးချွတ်ဆေး)

မိုးတွင်းအခါ

သင်၏စက်ရုံ၊ အလုပ်ရုံ၊ အိမ်ခြံဝင်းအတွင်းရှိ သံမံတလင်းများ ရေညှိတက်နေပါသလား? ချော်လဲကျမှာကြောက်နေရင် (အကယ်ဒမီ) ကြွေ(ချေး)ချွတ်ဆေးနဲ့ဆို အားလုံးအဆင်ပြေသွားမှာပါ –

(စတိုးဆိုင်နှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်တိုင်းတွင် မေးဝယ်ပါ။)

မြန်ဆိုရေးပင်ရင်း – အမှတ် (၁၀၁)၊ ၂၈–လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း – ၂၄၂၇၂၆၊ ၃၈၀၃၉၄၄၊ ၃၈၅၂၆၂ ၀၉–၈၀–၃၄၃၁၃
မန္တလေး – အမှတ် (၄၀၅)၊ ၈၄–လမ်း၊ ၃၈×၃၉ကြား။ ဖုန်း – ၀၂–၆၃၀၇၃

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေရက်/အချိန်
(က)	Bearings	(၂) မျိုး	၁၇–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ
(ခ)	Spare Parts For Electrochemical Plant	(၁၀) မျိုး	၁၇–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ
(ဂ)	စက်အရန်ပစ္စည်း	(၄) မျိုး	၁၇–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်–၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိစက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေရက်/အချိန်
(က)	Sodium Sulphate	1000 MT	၂၁–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ
(ခ)	Calcium Carbide	˚200MT	၂၁–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ
(ဂ)	Conveyor Belt	(၁၁)မျိုး	၂၁–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ
(ဃ)	Cathode M.S net	200 Nos	၂၁–၈–၂၀၀၆ မွန်းတည့် ၁၂:၀၀နာရီ

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်–၅၄၃၃၆၅ သို့ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
မော်လမြိုင်ခရိုင်တရားရုံး
၂၀၀၅ခုနှစ် တရားမကြီးမှု အမှတ်–၂၄
၂၀၀၆ ခုနှစ် တရားမဇာရီမှု အမှတ်–၁၀

ဗိုလ်ကြီးအောင်မြင့်ကျော်(ငြိမ်း) ဦးရဲဝင်းလျှံ
အမှတ်(၇၈၇)အောက်လမ်းမကြီး **နှင့်** ဇုတ်သုတ်ကျေးရွာ၊ရွာပတ်လမ်း
ကွင်းရပ်၊ မော်လမြိုင်မြို့။ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဒီကရီအနိုင်ရသူ **တရားရှုံး**

တရားရှုံး ဦးရဲဝင်းလျှံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ် ၂၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်ရန် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ (၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

ခင်ဆွေထွန်း
ခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
တနင်္သာရီတိုင်း တရားရုံး မြိတ်မြို့။
၂၀၀၃ခုနှစ် တရားမကြီးမှု အမှတ်–၃ နှင့် ဆက်သွယ်သည့်
၂၀၀၆ ခုနှစ် တရားမဇာရီမှု အမှတ်–၆

ဦးကျော်သိန်း ပါ–၆ **နှင့်** ဒေါ်အေးမြင့် ပါ–၂
အနိုင်ဒီကရီရသူများ **တရားရှုံး**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၃)၊ အရှေ့ရွှေဂုံတိုင်လမ်းတွင် နေထိုင်ခဲ့ဘူးသူ ဒေါ်အေးမြင့် သိစေရမည်။

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်(၃)တွင် ကျန်ရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးကျော်သိန်းပါ–၆ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၆ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သင်းဝေ
တွဲဖက်တိုင်းတရားသူကြီး
တနင်္သာရီတိုင်းတရားရုံး။

'ရတနာ' သံမဏိလုပ်ငန်း

Y - တံဆိပ်ကျောက်ခွဲဂျော့ဖြား

ကျောက်ခွဲစက်လုပ်ငန်းရှင်များအတွက် နံချိန်မီ ကျောက်ခွဲဂျော့ဖြားများထုတ်လုပ်ပေးနေပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၂၁၁၀ ယာဉ်လက်ဝယ်ရှိသူအမည် ဦးစောရိုမီဟို မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်)၀၀၃၅၄၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ရန်ကုန်(မြောက်ပိုင်း) ခရိုင်ရုံး၊ အင်းစိန်မြို့။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၂၄၇၉ အမျိုးအမည် Honda Dream C-100MP ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပုံနီး မှတ်ပုံတင်အမှတ်၁၃/ကတန(နိုင်)၀၂၂၈၆၅ တို့မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ
(စနေနှင့်တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၇–၈–၂၀၀၆ (တနင်္လာနေ့)
- ❑ Elemental Analysis Using EDXRF
  မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းများ
- ❑ Computer Aided Teaching For Nuclear Physics
  မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းများ

၈–၈–၂၀၀၆ (အင်္ဂါနေ့)
- ❑ Systems of Ordinary Differential Equations
  မဟာသိပ္ပံပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများ
- ❑ The Diversity of Life on Earth
  မဟာသိပ္ပံဒုတိယနှစ်၊ သတ္တဗေဒနှင့် (Environmental Studies) သင်တန်းများ

၉–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
  ရှေးဟောင်းမြန်မာမူရင်း အရေးအသားကမ္ပည်းစာများ၏ သဘောသဘာဝ
  မဟာဝိဇ္ဇာဒုတိယနှစ် အထူးပြုသင်တန်း၊ ပါရဂူအကြိုသင်တန်း၊ ဘာသာစကားအထူးပြုသင်တန်းများ
- ❑ Introduction to Linguistics
  အင်္ဂလိပ်စာဒီပလိုမာသင်တန်းသားများ

၁၀–၈–၂၀၀၆ (ကြာသပတေးနေ့)
  မြန်မာရတနာပတ္တမြား၊ နီလာ၏ဘူမိဗေဒ
  ဘူမိဗေဒကျောင်းသား၊ကျောင်းသူများနှင့် ကျောက်မျက်ပညာ၏ လေ့လာလိုက်စား စိတ်ဝင်စားသူများ
- ❑ Introduction to Plant Biotechnology
  ပထမနှစ်ရုက္ခဗေဒ၊ ဒုတိယနှစ်မဟာသိပ္ပံ၊ ပထမနှစ် Biotechnology
  ဒုတိယနှစ်မဟာသိပ္ပံကျောင်းသား၊ကျောင်းသူများ

၁၁–၈–၂၀၀၆ (သောကြာနေ့)
- ❑ Angiospermae
  ဒုတိယနှစ်ရုက္ခဗေဒ၊ တတိယနှစ်သတ္တဗေဒ၊ ကျောင်းသား၊ ကျောင်းသူများ
- ❑ Heterocyclic Compounds and Alkaloids
  တတိယနှစ်ဓာတုဗေဒကျောင်းသား၊ကျောင်းသူများ
- ❑ Climatology
  ပထမနှစ်ပထဝီဝင်အထူးပြု ကျောင်းသား၊ကျောင်းသူများ

၁၂–၈–၂၀၀၆ (စနေနေ့)
- ❑ Poverty Reduction Experience in Countries
  ဒုတိယနှစ်အိမ်တွင်းစီးပွားအထူးပြု
- ❑ Keynesian Policy Applied to the Economy
  ဒုတိယနှစ်ပြည်သူ့ရေးရာအထူးပြု
- ❑ International Trade & Financial Institutions
  ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Linear Programming
  ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Methods of Finding Estimators
  ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Financial Accounting Limited Company Issue of Shares and Debentures
  ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Limited Company General Background
  ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Project Preparation and Evaluation
  ဒုတိယနှစ်ပြည်သူ့ရေးရာအထူးပြု
- ❑ Decision Making & Personal Management
  ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Linear Programming II
  ဒုတိယနှစ်စီးပွားစီမံအထူးပြု

၁၃–၈–၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ Simple Random Sampling
  တတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ The Nature and Scope of International Economics
  တတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ The Meaning and Measurement of Economic Development
  တတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ The Nature and Scope of International Economics
  တတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Analysis of Financial Statements
  တတိယနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Marketing (Approaches to the Study of Marketing)
  တတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ The Role of Agriculture and its Contribution to Economic
  တတိယနှစ်စီးပွားရေး၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Aggregate Supply & Aggregate Demand
  တတိယနှစ်စီးပွားရေးအထူးပြု
- ❑ Marketing Definitions and Marketing Concepts
  တတိယနှစ်စီးပွားရေးအထူးပြု
- ❑ Simple Random Sampling
  တတိယနှစ်စီးပွားရေး၊ အိမ်တွင်းစီးပွားအထူးပြု

နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အလှူငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ ဓေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ B.A)ဝါကပ်သီတင်းသုံး တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အဝင်မုခ်ဦးနှင့် မဟာရံတံတိုင်းများအတွက် ဦးကျော်လှိုင်–ဒေါ်ခင်မြင့်ဆွေမိသားစု ဤစ္ဆိတံအိမ်ရာ သဃ်န်းကျွန်းမြို့နယ်က ငွေကျပ် ၅၀၀၀၀၊ ဒေါ်ကြည်ကြည်ညွန့်အားအမှူးပြု၍ ကိုယုအောင်–မစန်းစန်းလွင်၊ မယဉ်မွန်ဖိုလ်၊ မယုနန္ဒာမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ မိခင်ဒေါ်ကြည်ကြည်ညွန့်အားအမှူးပြု၍ သမီး မဆွေဇင်ထိုက် ရွှေတောင်ကြား ရန်ကုန်က ငွေကျပ် ၅၀၀၀၀ လှူဒါန်းကြသည်။

လှူဒါန်းလိုပါက ဆရာတော် ဖုန်း–၀၉–၅၁၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း–၀၉–၅၀၀၄၅၅၂၊ ဦးဌေးမြင့် ဖုန်း–၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း–၆၆၁၅၅၃နှင့် ဦးမြင့်မောင် ဖုန်း–၇၂၆၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် ကျောင်းတော်အတွက် ဇူလိုင် ၁၆ ရက်က လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၅၉ နေ မိခင်ကြီး ဒေါ်ကျင်ဌေး (စပါယ်ရှယ်ဆန်ပွဲရုံ) တစ်လပြည့်အားရည်စူး၍ ဦးမျိုးသန့်–ဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာမျိုးဝင်း–ဒေါက်တာ စန်းစန်းသီ၊ ဒေါ်သန်းသန်းဝင်း၊ ဒေါက်တာစိုးဝင်း–ဒေါက်တာမြင့်မြင့်ကြူ မိသားစုက အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က–ပ)

ကျေးလက်ပြည်သူများ လူမှုစီးပွားရေးမြင့်မားစေရန် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ပြည်တွင်းပြည်ပအဖွဲ့အစည်းအချို့၏ လုပ်ကြံပြောဆိုမှုများ ပြည်သူ့စွမ်းအား စည်းလုံးမှုအားဖြင့် ကာကွယ်တိုက်ဖျက်

ရန်ကုန် ဩဂုတ် ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အင်တာနက်သတင်း

ဒေါက်မြင့်ဖိနပ်စီးသော အမျိုးသမီးများ ဒဏ်ရာရဖြစ်စဉ်များ များပြားလာ

လန်ဒန် ဩဂုတ် ၄

ဒေါက်မြင့်ဖိနပ်စီးသော အမျိုးသမီးများသည် ခြေထောက်ကျိုးနိုင်သည့်ပုံစံကို ဖက်ရှင်အဖြစ် တန်ဖိုးထားနေကြကြောင်း၊ ယင်းမှာ ခြေထောက်ကျိုးနိုင်သည့်အပြင် ခြေချင်းဝတ်လည်နိုင်ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားလိုက်သည်။

သတိပေး

အမျိုးသမီးများ ဒေါက်မြင့်ဖိနပ်စီး၍ ချော်ကျရာမှ ဒဏ်ရာရရှိမှုများ အလွန်တရာများပြားလာခဲ့မှုကြောင့် အဆိုပါ ဆရာဝန်က သတိပေးလိုက်ခြင်းဖြစ်သည်။

ဒေါက်မြင့်ဖိနပ်စီးခြင်းကြောင့် ဆေးရုံတက်ခြင်းမှ ရှောင်နိုင်ရန်အတွက် တစ်လက်မခွဲအောက်နိမ့်သော ဖိနပ်ကိုသာ စီးရန် သင့်ကြောင်း ဝေလဆေးတက္ကသိုလ်မှ မတော်တဆထိခိုက်မှုနှင့် အရေးပေါ် ဆရာဝန်ရှုပတ်အီဗန်းစ်က ပြောကြားသည်။

များပြား

အမျိုးသမီးများသည် ဒေါက်မြင့်ဖိနပ်စီးခြင်းကြောင့် ဒဏ်ရာရရှိကာ ဆေးရုံရောက်သူအရေအတွက် များပြားလာကြောင်း အဆိုပါ ဆရာဝန်က ပြောကြားသည်။

အရိုးကျိုး

ဒေါက်မြင့်ဖိနပ်စီးခြင်းကြောင့် အဆစ်လွဲခြင်း၊ ခြေပွတ်တိုင်လည်ခြင်း၊ အရိုးကျိုးခြင်းများ ဖြစ်ပေါ်လျက် တွေ့ရှိမှုများ ပို၍များလာကြောင်း ၎င်းက ပြောဆိုသည်။

ဒေါက်မြင့်ဖိနပ်စီးသော အမျိုးသမီးတစ်ဒါဇင်လျှင် ဒါဇင်ဝက်မှာ ဒေါက်မြင့်ဖိနပ်စီးခြင်းနှင့်ဆက်စပ်သော ဒဏ်ရာများရရှိနေသည်ကိုလည်း လေ့လာသိရသည်။

(ကိုးကား-အင်တာနက်)

မိုင်းယော်၌ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဩဂုတ် ၄

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းယော်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၆ခုနှစ် ဇူလိုင်၂၉ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀၀ဝပ်၊ လှိုင်းနှုန်း ၁၀ ဖြင့် ၂၀၀၆ခုနှစ် ဇူလိုင် ၃၀ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်၊ အသံ ကြည်လင် ပြတ်သားစွာဖြင့် ထုတ်လွှင့် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဩဂုတ် ၄

၂၀၀၆ ခုနှစ် ဩဂုတ် ၉ရက်မှ ဩဂုတ်၁၅ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့် ၂၀ဒသမ၂ပေ ခန့်မှ ၂၁ဒသမ၅ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

ဧာမဏီငှက်တို့ ပျော်စံရာ တောင်ဇလပ်ပန်းတို့ပွင့်ဖူးရာ နတ်မတောင် အမျိုးသားဥယျာဉ်

သတင်းမှတ်စု - မောင်မောင်ထွေး(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၄

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တောတောင်ရေမြေသဘာဝအလှအပသည် ဝင့်ကြွားဆန်းပြားသည်။ သစ်တော၊ သစ်ပင်၊ ရေတံခွန် ရှုခင်းအဖုံဖုံတို့သည် ကမ္ဘာလှည့်ခရီးသွားတို့အား အဓိကဆွဲဆောင်နိုင်သော အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင်အမျိုးသားဥယျာဉ်အား သစ်တောသစ်ပင်တို့ ဝေဆာစွာဖြင့် ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သစ်တောရေးရာ)